ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (20-8-2014) (၇၉၃၈)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင်ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံသမ္မတ မစ္စတာ ယာနော့စ် အာဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင်ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗစ်တာအော်ဘန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ-ဗြိတိန် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာစေရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Andrew Patrick ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညွှန့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆

ချောင်းဦးမြို့နယ်အတွင်း ရေတံခါးများသို့ ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုကြောင့် ဧက တစ်သောင်းရှစ်ထောင်ကျော် စိုက်ပျိုးနိုင်တော့မည်

ချောင်းဦး ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးချောင်းဦးမြို့နယ်အတွင်းသို့ ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုမရှိသဖြင့် ပုံမှန်အတိုင်း စပါးပျိုးထောင်ထားသော တောင်သူများအနေဖြင့် သတ်မှတ်ပျိုးရက်ထက် စိုက်ပျိုးရန် ကာလကျော်လွန်နေခြင်းကြောင့် အခက်တွေ့လျက်ရှိရာ ဩဂုတ် ၁၇ ရက် ညမှစတင်ပြီး ဆူးလေကုန်း၊ ညောင်ပင်သာ၊ အမြင့်၊ တောကျောင်းလေး၊ ဝယာ၊ ရွှေကူကျေးရွာများရှိ စိုက်ဧကများကို အထောက်အကူဖြစ်စေမည့် ဆူးလေကုန်းရေဝင်တံခါး၊ တောကျောင်းလေး၊ အမြင့်၊ ဝယာ၊ ရွှေကူကျေးရွာများရှိ စိုက်ဧကများကို တိုက်ရိုက်အကျိုးပြုမည့် ထိန်ချိုင်ရေတံခါး၊ ညောင်ပင်သာ၊ ချောင်းမနား၊ ဆူးလေကုန်း၊ ကင်မွန်းတော်၊ ကုလားကြီးကျေးရွာရှိ စိုက်ဧကများကို တိုက်ရိုက်အကျိုးပြုမည့် တန်းတောကြီးရေတံခါး၊ ခင်မွန်၊ ကျီကုန်း၊ အောင်ချမ်းသာ၊ ချောင်းဦးမြောက်၊ ရန်အောင်မြေ၊ ချောင်းဦးတောင်၊ မှန်ချိုကျေးရွာများရှိ စိုက်ဧကများကို တိုက်ရိုက်အကျိုးပြုမည့် တောင်ပုံရေတံခါးတို့မှ ချင်းတွင်းမြစ်ရေများဝင်ရောက်လာပြီဖြစ်သဖြင့် စုစုပေါင်း စိုက်ဧက ၁၈၀၀၀ ကျော်အတွက် အကျိုးပြုနိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည့် တွံတေးမြို့နယ် အနောက်ဘက်ခြမ်းဒေသ

တွံတေးမြို့နယ်အတွင်းရှိ ငါး မွေးမြူရေးကန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

ဖွံ့ဖြိုးတိုးတက်စပြုလာသည့် ရန်ကုန်မြို့တော်ကြီးနှင့် ဆက်စပ်လျက် ဖွံ့ဖြိုးတိုးတက်လာတော့မည့် အခြေခံကောင်းများရှိသော တွံတေးမြို့နယ်၏ ရှေ့အလားအလာများကို မြို့နယ်ပြည်သူများအား ရှင်းလင်းအသိပေးသည့် တွေ့ဆုံပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် မိဘဂုဏ်ခန်းမ၌ ကျင်းပခဲ့သည်။

တွံတေးမြို့နယ်အား ရန်ကုန်မြို့တော်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ယခင်အစိုးရလက်ထက်က ရန်ကုန်-တွံတေးလမ်းမကြီး၊ တွံတေးတူးမြောင်းဖြတ်ကူးတံတား၊ မအူပင်-တွံတေးလမ်းမကြီးများ ဆောက်လုပ်ပေးခဲ့သည်။ တွံတေးမြို့နယ်သည် ငါးကန်ဧကပေါင်း ၃၄၈၃၀ ခန့်တွင် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေး အခြေခံကောင်းများလည်း များပြားစွာရှိသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပေးရန်အတွက် ယခုအခါနိုင်ငံတော်အစိုးရ၏ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းလျက် Integrated Area Development Project အသွင်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

ကြေးမုံစာတည်းရှုထောင့် ၂၀-၈-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ဆင်းရဲမှုလျှော့ချရေး

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် ချမှတ်ပြီး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်မှုများအနက် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းသည် အဓိကကျသော လုပ်ငန်းဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်း၍ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုလမ်းစပေါ်သို့ ရောက်ရှိလာပြီး ဆင်းရဲမှုနှုန်းလည်း တဖြည်းဖြည်း လျော့နည်းလာသည်ကို မြင်တွေ့ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်း ၂၆ ဒသမ ၅ ရာခိုင်နှုန်းကို ၁၆ ဒသမ ၅ ရာခိုင်နှုန်းသို့လျော့ကျစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။ လူဦးရေ သန်း ၆၀ ခန့်ရှိသော မြန်မာနိုင်ငံတွင် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြသဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများ တိုးတက်စေရန် ရေတို ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်မှုအဖြစ် ပြည်တွင်း၌ တစ်လလျှင် အလုပ်အကိုင် သုံးသောင်းခန့် ရှာဖွေပေးနိုင်ပြီး ပြည်ပနိုင်ငံများ၌ တစ်လလျှင် အလုပ်အကိုင် ငါးထောင်ခန့် ရှာဖွေပေးပြီး စေလွှတ်နိုင်ခဲ့သည်။ လက်ရှိတွင် ပြည်ပနိုင်ငံများ၌ နိုင်ငံသား သုံးသန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိပြီး အလုပ်လုပ်ကိုင်လိုသူ ၇၅၀၀၀ ခန့် မှတ်ပုံတင်ထားရာ အလုပ်အကိုင်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ပြင် ဒေသတွင်း အသေးစား၊ အလတ်စား အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် အလုပ်အကိုင်များ လုပ်ကိုင်စေလျက် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့် လုပ်သားအင်အားစသည့် အခြေခံအားသာချက်များ ရှိပြီးဖြစ်သလို ယနေ့တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ အများအပြား ဝင်ရောက်လာရာ အလုပ်အကိုင်များ ပေါများလာလျက်ရှိသည်။ သို့သော် အခြေခံလုပ်သားများ၏ လုပ်ခလစာအခွင့်အလမ်းများကို ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ခလစာအခွင့်အလမ်းများ အပြည့်အဝခံစားနိုင်စေရန်အတွက် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားစေပြီး လုပ်သားထုတစ်ရပ်လုံး၏ အရည်အသွေးများကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။

လူတိုင်းအသိပညာ၊ အတတ်ပညာများကို လေ့လာသင်ယူခြင်းဖြင့် သဘာဝသယံဇာတမရှိသော်လည်း လူသားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုအတတ်ပညာများ ပေါင်းစပ်၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအဖြစ် တည်ထောင်ကြသည့် အာရှစီးပွားရေးထိပ်တန်းနိုင်ငံများဖြစ်သော ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံများကဲ့သို့ ရလဒ်ကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်တည်လာရာ မြန်မာနိုင်ငံသားတို့၏ တစ်ဦးချင်းစွမ်းဆောင်မှုများမြှင့်တင်နိုင်ရန် အကောင်းဆုံးအချိန်ဖြစ်သဖြင့် အသိပညာဗဟုသုတများကို အစဉ်လေ့လာသင်ယူကြရတော့မည် ဖြစ်ပါသည်။

အခြေခံလုပ်သားထုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ဘဝများကို မြှင့်တင်ရာတွင် အလုပ်အကိုင်များ ရှာဖွေပေးရုံမျှမက သက်မွေးပညာသင်တန်းကျောင်းများဖွင့်လှစ်ပြီး လေ့လာသင်ယူစေခြင်းဖြင့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်ကာ နိုင်ငံ၏ စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံသားများဖြစ်လာကြပြီး တစ်မိသားစုမှသည် လူမှုဝန်းကျင်တစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ တစ်ဖက်ကလည်း ကျေးလက်နေ ပြည်သူများအား ချေးငွေများ ထုတ်ချေးကာ ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အကျိုးဝင်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်ကာလတွင် ဒေသတွင်းနိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံအလိုက် ဆွေးနွေးအကြံပြုလုပ်ဆောင်ချက်များကိုသုံးသပ်ပြီး မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ရေတိုရေရှည်စီမံကိန်းများချမှတ်လုပ်ဆောင်လျက်ရှိရာ နိုင်ငံသားအားလုံးကပါ မလျှော့သော ဇွဲလုံ့လဖြင့် ဝိုင်းဝန်းပါဝင်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးမှူးရုံးဖွင့် ကုမ္ပဏီမှတ်ပုံတင်များကို အမြန်ဆောင်ရွက်ပေးမည်

တောင်ကြီး ဩဂုတ် ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ကုမ္ပဏီများနှင့် အသင်းအဖွဲ့များ မှတ်ပုံတင် လျှောက်ထားရာတွင် လျင်မြန်စွာပြီးပြတ်နိုင်စေရန်အတွက် လိုအပ်သည့် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ရာ ယခင်က ရန်ကုန်နှင့် နေပြည်တော်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်း ဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားရေးမှူးရုံးခွဲများ ဖွင့်လှစ်ပေးခဲ့ရာ ဧပြီလတွင် မန္တလေးရုံးခွဲအားလည်းကောင်း၊ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်ရုံးခွဲအား တောင်ကြီးမြို့တွင် ဖွင့်လှစ်ခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်ဦးစီးမှူးရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ရုံးဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦး၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားရာတွင် ရှမ်းပြည်နယ်သည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့်အတွက် စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းသဖြင့် ယခုကဲ့သို့ ရုံးခွဲဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ မှတ်ပုံတင်ရာတွင် လွယ်ကူလျင်မြန်စေမည် ဖြစ်ပါကြောင်း၊ ယခင်ကမှတ်ပုံတင်ရာတွင် ခြောက်လခန့်ကြာမြင့်သော်လည်း ယခုတွင် သုံးရက်နှင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် ဤရှမ်းပြည်နယ်ရုံးအနေဖြင့် ကယားပြည်နယ်အတွက်ပါ ပူးတွဲဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)နှင့် ဆက်သွယ်ဆောင်ရွက်လိုပါကလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ရုံးခွဲများအား မွန်နှင့် ကရင်ပြည်နယ်များတွင် မကြာမီ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဒေသခံကုမ္ပဏီ အသင်းအဖွဲ့များကိုလည်း လိုအပ်သည့်နည်းပညာများရရှိရေး သင်တန်းများ ဖွင့်လှစ်ပေးရန်ရှိကြောင်း သိရသည်။

နိုင်ထွန်း(TGI)

ပြည်ထောင်စုတရားသူကြီးချုပ်၏မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

မော်လမြိုင် ဩဂုတ် ၁၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ဩဂုတ် ၇ ရက်မှ ၈ ရက်အထိကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများသည် အဂတိတရား ကင်းစင်စွာဖြင့် အမှုအခင်းများတွင် မှန်ကန်မျှတသော တရားများကို အမှန်တရားဘက်မှရပ်တည်၍ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိပြဋ္ဌာန်း ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရန် လိုအပ်ကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသူများသည် အဂတိတရားကင်းရှင်းရန် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း လိုက်နာရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ လုပ်ရည်ကိုင်ရည်ဆိုင်ရာ အရည်အသွေး မြင့်မားရန် လိုအပ်ကြောင်းစသည်ဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည့် လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(၃၀၇)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်	ရွှေဈေး	၆၇၂၉၀၀	- ၆၇၃၇၀၀
မန္တလေး	ရွှေဈေး	၆၇၂၇၀၀	- ၆၇၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=၁၂၉၆. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၀၇
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၆၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၇. ၇၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၇၆
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၆. ၂၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၃၃၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၄. ၈၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၇၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

သန်းငွေနှင့်ရောင်းရင်းများမှ အဘအောင်မင်းခေါင်ထွက်ပွဲသို့
၈-၉-၂၀၁၄ ထွက်မည်။
အဘထွက်ပွဲ - ပုပ္ပါး (၃) ရက်။
အဘထွက်ပွဲ - ပုဂံ၊ ညောင်ဦး၊ ရွှေစည်းခုံ၊ ရွှေဇီးဂုံ (၅) ရက်။ ဗလွန် - နေပြည်တော် ➡ (တနင်္ဂနွေ)
အဘထွက်ပွဲ - တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက်။
အဘထွက်ပွဲ - မန္တလေး၊ ပြင်ဦးလွင် (၅) ရက်။ ကျိုက်ထီးရိုး + ရှောင်းသာ ➡ (သောကြာ)
ပြည်၊ အကောက်တောင်၊ နဂါးရုပ်တောင် ✤ မြဲလဲ ဆံတော်ရှင် - (စနေနေ့တိုင်း)
Ph: 241863, 380141, 09-43043109, 09-73251422

စေတနာရှင် ... အဘထွက်ပွဲသို့ (8-9-2014) ထွက်မည်
392704, 09 50 66657, 09 73017110

အမြန်အလိုရှိသည်
အမျိုးသား၊ အမျိုးသမီး ညှပ်၊ကောက်၊ဖြောင့်၊ဆေးဆိုး
ကျွမ်းကျင် ကျား/မ(၂)ဦး
Update Beauty Corner
၅၂လမ်း၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်။ဖုန်း-၀၉၂၅၀၀၆၄၅၇၁၊ ၀၉၇၃၀၅၃၁၂၂၊

နာကျင်ဒဏ်ရာတွေကင်း အကြောဆေးမှာ "လင်းရှင်း"
လင်းရှင်း
အကြောပြေဒဏ်ကြေ လိမ်းဆေးဘီ
Ph : 075-21587
TMR-012616(0317)
20g
Product Of ; YOKE PYO COMPANY LIMITED
CERTIFICATE NO : 63637 / A / 0001 / UK / EN
ရုပ်မျိုးတိုင်းရင်းဆေး မှထုတ်လုပ်သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာန ဒုတိယဥက္ကဋ္ဌ Dr. J. Stephen Morrison ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအောင်သိမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးဆိုင်ရာကဏ္ဍ၊ ငြိမ်းချမ်းရေးဆိုင်ရာကဏ္ဍ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြ သည်။

(သတင်းစဉ်)

✳ ရွှေဖုံးမှ

ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ Value Chain အသွင်ဖြင့် မွေးမြူရေး Complex အဖြစ် အများပိုင်လုပ်ငန်းများ မကြာမီပေါ်ထွန်းလာမည် ဖြစ်ပါသည်။ ထို့အပြင် အလွန်ဝမ်းမြောက်ဂုဏ်ယူရမည့်လုပ်ငန်းတစ်ရပ်မှာ တိမ်ကောနေသော ပန်းလှိုင်မြစ်ကြီးအား ပြန်လည်ဆယ်ယူအသုံးပြုနိုင်တော့မည့် ဆောင်ရွက်မှုကြီးပင်ဖြစ်ပါသည်။ ထို့အတူ ကြည့်မြင်တိုင်မြို့နယ် အနောက်ခြမ်းသို့ ဖြတ်ကူးမည့် တံတားသစ်ကြီးတစ်စင်းမှာလည်း မကြာမီပေါ်ထွန်းလာမည် ဖြစ်ပါသည်။

ဆက်စပ်လျက်ရှိသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများအား အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထောက်အကူပြုအဖွဲ့များက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးအတွက် အသိပေးခြင်း၊ အမြင်ဖလှယ်ခြင်းများပြုလုပ်ရန် ဤကဲ့သို့ တွေ့ဆုံပွဲများကျင်းပပေးရခြင်းဖြစ်ပါသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ကျေးရွာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

(ကြေးမုံ)

☆ မြန်မာ-ဗြိတိန်မှ

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ဦးလွင်၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဗြိတိန်နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုနှင့် ပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များတွင် ဗြိတိန်နိုင်ငံအနေဖြင့် ပါဝင်ကူညီဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဒေါက်တာ တီဘောနာဗရာဆစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ်အတွင်းရှိ ငါး မွေးမြူရေးကန်ကို တွေ့ရစဉ်။ **(ဓာတ်ပုံ-ခင်မောင်ဝင်း)**

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကိစ္စတို့အပေါ် မစ္စတာနမ်ဘီးယား၏ အမြင်များနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

❖ ချောင်းဦးမှ

ချင်းတွင်းမြစ်ရေသည် ချင်းတွင်းမြစ်အထက်ပိုင်းဖြစ်သော ခန္တီး၊ မော်လိုက်မြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် မုံရွာမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိလာနိုင်ပြီး ရက်သတ္တနှစ်ပတ်နီးပါးမြစ်ရေဝင်ရောက်လာနိုင်ကြောင်း ခန့်မှန်းလျက်ရှိကြရာ အချိန်မီ ရေသွင်းစိုက်ပျိုးကြရေး နှိုးဆော်ထားကြောင်း သိရှိရပြီး ဒေသခံပြည်သူများကလည်း မြစ်ရေများ ဝင်ရောက်လာသည့်အတွက် စိုက်ပျိုးရေးအတွက် အလွန်ပင်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကာ့ဒ်တပ်ဖွဲ့ မိုဆူးဆည် ပြန်လည်သိမ်းယူ အိုင်အက်(စ်)စစ်သွေးကြွတို့ကို ထိုးစစ်ဆင်

အမေရိကန်၏ လေကြောင်းစစ်ကူပေးမှုဖြင့်
ကာ့ဒ်တပ်ဖွဲ့များ ပြန်လည်သိမ်းယူခဲ့သော မိုဆူးလ်ဆည်အား တွေ့ရစဉ်။

ဘဂ္ဂဒက် ဩဂုတ် ၁၉

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် အီရတ်နိုင်ငံမြောက်ပိုင်း၌ စစ်ရေးအရပါဝင်မှုကို အရှိန်မြှင့်တင်လျက်ရှိရာ အမေရိကန်စစ်လေယာဉ်များ၏ အကူအညီဖြင့် ကာ့ဒ်တိုက်ခိုက်ရေးသမားများသည် ဗဟိုအစိုးရတပ်ဖွဲ့များနှင့်အတူ အီရတ်၏အကြီးမားဆုံးဆည်ကြီးကို ပြန်လည်သိမ်းယူပြီးနောက် ဆွန်နီအစွန်းရောက်စစ်သွေးကြွများကို တန်ပြန်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။

ဇွန်လတွင် အီရတ်နိုင်ငံမြောက်ပိုင်း၌ ထိုးစစ်ဆင်ကာ အစိုးရလုံခြုံရေးတပ်များကို မောင်းထုတ်ခဲ့ကြသော အစ္စလာမ့်စ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများလက်မှ မိုဆူးဆည်ကို ပြန်လည်ရယူနိုင်ခဲ့ခြင်းသည် အောင်မြင်မှုအမှတ်အသားတစ်ခုဖြစ်သည်။

လေကြောင်းမှတိုက်

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့၏ နယ်စပ်ကိုခွ၍ တည်ရှိသောနယ်မြေကို အစ္စလာမ့်စ်နိုင်ငံဟု ကြေညာခဲ့သည့် အိုင်အက်(စ်)စစ်သွေးကြွများနှင့် တိုက်ခိုက်လျက်ရှိသော တပ်ဖွဲ့များကို စစ်ကူပေးသောအားဖြင့် အမေရိကန်စစ်လေယာဉ်များက လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။

အိုင်အက်(စ်)စစ်သွေးကြွများသည် ၎င်းတို့ ခြေကုပ် "ရာကာ"၌လည်း တနင်္လာနေ့တွင် ဆီးရီးယားလေတပ်၏ ဒုတိယမြောက်နေ့အဖြစ် တိုက်ခိုက်ခြင်းကိုလည်းခံရသည်။

တနင်္လာနေ့တွင် အင်ဂျင်နီယာအဖွဲ့များက ဆည်၌ ဘာသာရေးအစွန်းရောက်များ ဆင်ထားခဲ့သည့်ဗုံးများနှင့် ထောင်ချောက်မိုင်းများကို ရှင်းလင်းဖယ်ရှားနေစဉ် ဆည်၏ တောင်ဘက်တွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

အီရတ်အစိုးရ၏ အကြမ်းဖက် တန်ပြန်တိုက်ရေးတပ်ဖွဲ့များနှင့် ကာ့ဒ်တပ်ဖွဲ့များသည် လေကြောင်းအကူအညီဖြင့် မိုဆူးဆည်ကို လုံးဝ လွတ်မြောက်စေခဲ့ပြီဖြစ်ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကာစင်အက်တာက တနင်္လာနေ့တွင် အတည်ပြုပြောကြားသည်။

ဗုံးကြဲ

အမေရိကန် စစ်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များသည် အီရတ်မြောက်ပိုင်း၌ အိုင်အက်(စ်)တိုက်ခိုက်ရေးသမားများကို ဩဂုတ် ၈ ရက်မှ စတင်တိုက်ခိုက်ခဲ့ရာ လွန်ခဲ့သော စနေ၊ တနင်္ဂနွေနေ့များတွင် အပြင်းထန်ဆုံး ဗုံးကြဲပြီးနောက် မိုဆူးဆည်ကို ပြန်လည်သိမ်းယူနိုင်ခြင်းဖြစ်သည်။

တနင်္ဂနွေနေ့တွင် ၁၄ကြိမ်တိုက်ခိုက်ခဲ့ရာ အိုင်အက်(စ်)၏ လက်နက်တပ်ဆင်ထားသော ယာဉ် ၁၀ စီး၊ ဟမ်းဘီးကား ခုနစ်စီး၊ စစ်သည်တင်သံချပ်ကာနှစ်စီးနှင့် စစ်ဆေးရေးဂိတ်တစ်ခုကို ဖျက်ဆီးနိုင်ခဲ့သည်။

စနေနေ့တွင်လည်း မိုဆူးဆည်နှင့် အာဘီလ်မြို့အနီးတွင် ကိုးကြိမ်တိုက်ခိုက်ခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ကွန်ဂရက်သို့ ပြောကြားရာတွင် အမေရိကန် အကျိုးစီးပွားကို ကာကွယ်သောအားဖြင့် ဆည်လွတ်မြောက်ရေးအတွက် ကူညီတိုက်ခိုက်ပေးရန် အကန့်အသတ်ဖြင့် ၎င်းက ခွင့်ပြုပေးခဲ့သည်ဟု ဆိုသည်။ **ရိုက်တာ။**

မြို့တော်အစ္စလာမ္မာဘတ်မှ ဒေသတစ်ခုအား လုံခြုံရေးအရ အတင်းအကျပ်ဆုံးအဖြစ် သတ်မှတ်

အစ္စလာမ္မာဘတ် ဩဂုတ် ၁၉

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်မှ ဒေသတစ်ခုအားလုံခြုံရေးအရ အတင်းကျပ်ဆုံးအဖြစ် သတ်မှတ်လိုက်ပြီးနောက် အစိုးရအား ဆန့်ကျင်ဆန္ဒပြသူများကို ခေါင်းဆောင်နေသည့် အင်မရန်ခန်းက ယင်းဒေသအတွင်းသို့ ဝင်ရောက်ချီတက်ရန် ဆန္ဒပြသမားများအား တိုက်တွန်းခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင်ဖော်ပြသည်။

လုံခြုံရေးအဆင့်အတန်း အမြင့်ဆုံးထားရှိပြီး အနီရောင်ဇုန်ဟု အမည်ရသည့်ဒေသမှာ အဓိကကျသော အစိုးရအဆောက်အအုံများ၊ လူနေအိမ်များနှင့် နိုင်ငံခြားသံရုံးများတည်ရှိရာဒေသဖြစ်ပြီး ပါကစ္စတန်အစိုးရက ယင်းဒေသအား ဆန္ဒပြသူများ ချိုးဖောက်ဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားသည်။

ယင်းတားမြစ်ချက်အား ဆန္ဒပြသူများက တစ်နည်းနည်းဖြင့် ချိုးဖောက်ရန် ကြိုးပမ်းလာပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်သွားရနိုင်မည်ကို စိုးရိမ်နေရသည်။

ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများသည် မြို့တော်အစ္စလာမ္မာဘတ်ရှိ အဝေးပြေးလမ်းမကြီးနှစ်ခုကို သိမ်းပိုက်ထားကြသည်။

ပါကစ္စတန် အမျိုးသားလွှတ်တော်တွင် ဥပဒေပြုအမတ်အဖြစ် ရွေးကောက်ခံရသည့် ဆန္ဒပြခေါင်းဆောင် အင်မရန်ခန်း၏ ပီတီအိုင်ပါတီက လွှတ်တော်တွင်းရှိ ၎င်းတို့၏အမတ်နေရာများမှ နုတ်ထွက်ရန် ဩဂုတ် ၁၈ ရက်တွင် သန္နိဋ္ဌာန်ချခဲ့သည်။

ပီတီအိုင်ပါတီသည် အမတ်နေရာ ၃၄၂ နေရာရှိသည့် ပါကစ္စတန်အမျိုးသားလွှတ်တော်တွင် အမတ်ဦးရေ ၃၄ နေရာရရှိထားပြီး ဒုတိယအင်အားအကြီးဆုံး အတိုက်အခံပါတီအဖြစ် ရပ်တည်နေသည့် ပီတီအိုင်ပါတီဝင် လွှတ်တော်အမတ်များက ၎င်းတို့၏ တရားဝင်နုတ်ထွက်လွှာများကို လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းခြင်းမရှိသေးပေ။

ခရစ်ကက်ကစားသမားဘဝမှ နိုင်ငံရေးသမားအဖြစ် ကူးပြောင်းလာသည့် အင်မရန်ခန်းသည် ၎င်းအားထောက်ခံသည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများနှင့်အတူ မြို့တော်အစ္စလာမ္မာဘတ်တွင် ဩဂုတ် ၁၅ ရက်ကတည်းက ဆန္ဒပြနေပြီး ပါကစ္စတန်အစိုးရအဖွဲ့အား နုတ်ထွက်ပေးရန် တောင်းဆိုနေခဲ့သည်။ **ဘီဘီစီ။**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် လေကြောင်းမှ တိုက်ခိုက် စစ်သွေးကြွ ၁၈ ဦးထက်မနည်း သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၁၉

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုဝင်များနေထိုင်ရာဒေသတွင် ပါကစ္စတန်စစ်ဘက်က ဩဂုတ် ၁၉ ရက်တွင် လေကြောင်းမှ တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ကြရာ စစ်သွေးကြွ ၁၈ ဦးထက်မနည်း သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်သွေးကြွများ ပုန်းအောင်းနေထိုင်ရာ မြောက်ဝါဇီရစ္စတန်နှင့် ခိုင်ဘာဒေသရှိမျိုးနွယ်စုဝင်များ နေထိုင်ရာနေရာများကို ပစ်မှတ်ထား၍ လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။

ခိုင်ဘာဒေသရှိ စစ်သွေးကြွများ ပုန်းအောင်းရာငါးနေရာနှင့် မြောက်ဝါဇီရစ္စတန်ဒေသရှိ ခုနစ်နေရာတို့တွင် စစ်သွေးကြွ သုတ်သင် ရှင်းလင်းမှု ပြုလုပ်ရာ စစ်သွေးကြွ ၁၈ ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ကြေညာချက်ထုတ်ပြန်သည်။

ကရာချီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စစ်သွေးကြွများ၏ တိုက်ခိုက်ခံရပြီးသည့်နောက် ဇွန်လမှစ၍ မြောက်ဝါဇီရစ္စတန်တွင် စစ်သွေးကြွ ရှင်းလင်းသုတ်သင်ရေးစစ်ဆင်မှုကို ပါကစ္စတန်စစ်ဘက်က ဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးကြောင့် ယခုအချိန်ထိ စစ်သွေးကြွ ၆၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ပြီဖြစ်သည်။

ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘက်၌ အစိုးရအား ဆန့်ကျင်ဆန္ဒ ပြနေသူများကို တွေ့ရစဉ်။

တောက်တဲ့များ၏ တွယ်ကပ်စွမ်းပကား မြင့်မားရခြင်း၏ လျှို့ဝှက်ချက်များ

ပေကျင်း ဩဂုတ် ၁၉

မည်သည့်မျက်နှာပြင်တွင်မဆို တောက်တဲ့များ အံ့သြဖွယ် တွယ်ကပ်နေနိုင်ခြင်းမှာ ၎င်းတို့ခြေချောင်းများပေါ်ရှိ အမွေးအမှင်များကြောင့်ဖြစ်သည်ဟု သုတေသနလေ့လာချက်အသစ်တစ်ရပ်အရသိရသည်။

အသုံးချရူပဗေဒဂျာနယ်၌ ဖော်ပြသည့် သုတေသနအစီရင်ခံချက်တွင် တောက်တဲ့များသည် ဆဲတာဟုခေါ်သည့် ၎င်းတို့၏ ခြေချောင်းများပေါ်ရှိ သေးငယ်ပါးလွှာသည့် အမွေးအမှင်များကို အသုံးပြုပြီး မတ်စောက်သော နံရံများပေါ် တွယ်တက်လျက် ရံဖန်ရံခါ မျက်နှာကြက်ပေါ်တွင် ဇောက်ထိုးမိုးမျှော်အနေအထားဖြင့်ပင် မည်ကဲ့သို့ တွယ်ကပ်နေနိုင်သည်ဟူသော အချက်ကို ရှင်းပြထားသည်။

တောက်တဲ့များသည် ၎င်းတို့၏ အံ့ဖွယ် ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ မှီတွယ်နိုင်မှုနှင့် ခြေချောင်းအမွေးအမှင်များ ဆန့်နိုင်မှုတို့ကြောင့် မည်သည့်မျက်နှာပြင်တွင်မဆို တွယ်ကပ်နေနိုင်ခြင်းဖြစ်သည်ဟု သုတေသနစာတမ်းဦးဆောင်ပြုစုသူ အမေရိကန်ပြည်ထောင်စု အိုရီဂွန်ပြည်နယ်တက္ကသိုလ် အင်ဂျင်နီယာဌာနမှ ပါမောက္ခ အလက်စ်ဂရီးနီးက ပြောကြားသည်။

ဖော်ပြပါအချက်များကြောင့် တောက်တဲ့များသည် ၎င်းတို့၏ ခြေဖဝါးများကို လျင်မြန်စွာ ကပ်၊ ခွာ ပြုလုပ်နိုင်သဖြင့် မျက်နှာပြင်များတစ်လျှောက် တစ်စက္ကန့်လျှင် ခန္ဓာကိုယ်အရှည်၏ အဆနှစ်ဆယ်အထိ လျှပ်တစ်ပြက်ပြေးလွှားနိုင်ခြင်းဖြစ်သည်ဟုဆိုသည်။

တောက်တဲ့များ၏ ခြေချောင်းများအပေါ် သုတေသနစုံစုံလင်လင်ပြုလုပ်ထားကြောင်း၊ ရှေးဟောင်းဂရိခေတ်ကတည်းက လူများသည် တောက်တဲ့များ နံရံများပေါ်တွင် မည်ကဲ့သို့တွယ်တက်နိုင်သည်ကို အံ့သြလာကြကြောင်း အလက်စ်ဂရီးနီးက ပြောကြားသည်။

တောက်တဲ့များသည် ခြေချောင်းအမွေးအမှင်များ၏ မော်လီကျူးများမှ လာသည့် အီလက်ထရွန်များနှင့် နံရံမော်လီကျူးများမှ လာသည့် အီလက်ထရွန်များ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဓာတ်ပြုရာမှ ဖြစ်လာသော ရုပ်ပိုင်းဆိုင်ရာ နှောင်ဖွဲ့မှုဖြစ်သည့် van der Waals ကို အသုံးပြုပြီး တွယ်ကပ်မှုပြုလျက် အီလက်ထရွန် မဂ္ဂနက်တစ်ဆွဲငင်အားတစ်ခု ဖန်တီးကာ မည်သည့်မျက်နှာပြင်တွင်မဆို တွယ်ကပ်နိုင်ခြင်းဖြစ်သည်ဟု အမေရိကန်စက်ရုပ်ပညာရှင် ကဲလာအော်တွမ်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ၂၀၀၀ ပြည့်နှစ်တွင် တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ **ထန်ဆွင်း။**

တောက်တဲ့တစ်ကောင်အား တွေ့ရစဉ်။

အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ၁၁၀ ကျော်သေဆုံး

နယူးဒေလီ ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် ပြည်သူ ၁၁၀ ထက်မနည်းသေဆုံးရကြောင်း ဥတ္တရာခန်း၊ ဥတာပရာဒေ့ရှ်နှင့် ဘီဟာပြည်နယ်တို့တွင် လွန်ခဲ့သည့်ရက်များက ရေလွှမ်းမိုးမှုကြောင့် လူပေါင်းထောင်သောင်းချီ၍ အတိဒုက္ခခံကြရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။

ဥတ္တရာခန်းပြည်နယ်တွင် လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားရာ လူ ၅၀ ထက်မနည်း ရေလွှမ်းမှုနှင့် ဆက်နွယ်သော ဖြစ်ရပ်များကြောင့် သေဆုံးခဲ့ရသည်။ ပြည်နယ်အတွင်းဖြတ်၍ စီးဆင်းသော ဂင်္ဂါမြစ်တွင် မြစ်ရေလျှံကာ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိခဲ့သည်။

ဥတာပရာဒေ့ရှ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုနှင့် ဆက်နွယ်သော ဖြစ်ရပ်များကြောင့် ၄၈ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ နီပေါမှ စီးဆင်းလာသော မြစ်ရေနှင့် ပြည်နယ်အတွင်းရှိမြစ်များတွင် ရေလွှမ်းမိုးမှုကြောင့် စိုးရိမ်ရေမှတ်အထက်ရောက်ရှိကာ ကျေးရွာ ၁၅၀၀ကျော် ရေလွှမ်းမှုခံကြရသည်ဟု ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

နိုင်ငံအရှေ့ပိုင်းရှိ ဘီဟာပြည်နယ်တွင် လူပေါင်း ၄၀၀၀၀၀ ခန့် ရေလွှမ်းမိုးမှုဒဏ်ခံကြရပြီး ၁၂ ဦးထက်မနည်းသေဆုံးခဲ့ရသည်။ **ဆင်ဟွာ။**

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် နိုင်ငံတော်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု

နေပြည်တော် ဩဂုတ် ၁၉

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးသည့် (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက်တွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အချင်းရှိပြီး စည်းကမ်းကောင်းမွန်သည့် လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များကို ဖန်တီးနိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများကို သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြသူများဖြစ်ကြောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ချုပ်ဆိုမည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်ရမည့် စည်းကမ်းချက်များနှင့် အချက်အလက်များကို သတ်မှတ်ရာတွင် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးစားမပေးဘဲ မျှတသည့် စာချုပ်တစ်ခုဖြစ်ရန်လိုကြောင်း၊ အလုပ်သမားထံမှကောက်ခံမည့် ဝန်ဆောင်ခများကို အလုပ်သမားများရရှိမည့် အခြေခံလစာ၏ လေးဆထက်မပိုစေရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခများအတိုင်းဖြစ်စေရန်လိုကြောင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ထွက်ခွာချိန်မှစ၍ ပြန်လည်ရောက်ရှိလာသည့်အချိန်အထိ အဆင်ပြေချောမွေ့စေရန်အတွက် အေဂျင်စီများကလည်း အလုပ်သမားများထံမှ သင့်တော်သည့် ဝန်ဆောင်ခနှုန်းထားများသာ ကောက်ခံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် မှန်မှန်ကန်ကန်ဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော အလုပ်သမားများကိစ္စ၊ မလေးရှားနိုင်ငံလေဆိပ်၌ ပြည်ဝင်ဗီဇာအတုဖြင့် ဝင်ရောက်ခဲ့မှုအတွက် ဖမ်းဆီးခံရသည့် မြန်မာအလုပ်သမား ၇၅ ဦးကိစ္စ၊ မကာအိုနိုင်ငံသို့ အလုပ်သမားများ တရားမဝင်စေလွှတ်ခဲ့ခြင်းကြောင့် မလိုလားအပ်သောပြဿနာ ဖြစ်ပေါ်ခဲ့သည့်ကိစ္စများနှင့် ပြည်ပနိုင်ငံများမှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာသူများအတွက် Labour Exchange Office နှင့် Myanmar Migrant Workers' Reporting Counter တို့တွင် အလုပ်ခေါ်စာများ ကြော်ငြာထားနိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါယာရှော့ဖြစ်ပြီး ဆီပူအိုးအတွင်း မီးပွားကျ၍ မီးလောင်မှုဖြစ်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်တွင် ဩဂုတ် ၁၈ ရက် နံနက်အစောပိုင်းက အကြော်လုပ်ငန်းတစ်ခုတွင် ဝါယာကြိုးရှော့ဖြစ်ခဲ့သောကြောင့် ဆီပူအိုးအတွင်းမီးပွားကျပြီးမီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက် ဂန္ဓမာလမ်းရှိ နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဩဂုတ် ၁၈ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ရှိ ကြက်ကြော်လုပ်ငန်းတွင် အလုပ်သမား ကိုသက်ပိုင်(၂၂)နှစ် သင်္ဃန်းကျွန်းနေသူက ကြက်ကြော်နေစဉ် မီးဖိုသို့သွယ်တန်းထားသော ဝါယာကြိုးရှော့ဖြစ်ပြီး ဆီပူအိုးအတွင်းမီးပွားကျရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်းနှင့် နေအိမ်ရှိ အလုပ်သမားများက ဝိုင်းဝန်းငြှိမ်းသတ်သဖြင့် ၁၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် မီးဖိုခန်းအတွင်းသွယ်တန်းထားသော ဝါယာကြိုးများ၊ သစ်သားခုံတန်းနှင့် စားဆီသုံးပိဿာခန့် ပျက်စီးခဲ့ကြောင်းသိရပြီး ကိုသက်ပိုင်အား သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

နေပြည်တော် ဩဂုတ် ၁၉

၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၀ မှု(အလေးချိန် ၄ ဒသမ ၆၂၈ ကီလို)၊ ဘိန်းဖြူ ၅၅ မှု(အလေးချိန် သုည ဒသမ ၄၇၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ မှု (ဆေးပြားအရေအတွက် ၇၅၄၀၅ ပြား)၊ ဆေးခြောက် ငါးမှု (အလေးချိန် ၈ ဒသမ ၉၅၇ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁ မှု(အလေးချိန် သုည ဒသမ ၃၂၀ ကီလို)၊ ဘိန်းစာမှုန့် အလေးချိန် သုည ဒသမ ၃၅ ကီလို၊ ဘိန်းဆီခဲ ငါးမှု (အလေးချိန် သုည ဒသမ ၁၁၂ ကီလို)၊ အရိုးမီးသွေး အလေးချိန် ၃၀ ကီလို၊ အိုက်စ် အလေးချိန် သုည ဒသမ ၀၁၂ ကီလို၊ အီသိုင်းအီသာ ၁၂ လီတာ၊ အမိုနီယမ်ကလိုရိုဒ် တစ်မှု (အလေးချိန် သုည ဒသမ ၄၉၂ ကီလို)၊ မှတ်ပုံတင်ပျက် တစ်မှု အမှုပေါင်း ၁၅၀ ကို ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၅၀၊ အမျိုးသမီးတရားခံ ၄၀ စုစုပေါင်း တရားခံ ၁၉၀ တို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားခံ အားဖို အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၄၆ ပြားနှင့်ဘိန်းစိမ်း ၁၀ ဂရမ် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၉

မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက်က ကျိုင်းတုံမြို့နယ် မိုင်းဇင်းအုပ်စု ယန်းလူလမ်းခွဲကျေးရွာနေ အားဒါး၏နေအိမ်ကို ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ အားဖိုကို တွေ့ရှိပြီး ၎င်း၏ ယာဘက်ဘောင်းဘီ ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၃၄၆ ပြား၊ ဘိန်းစိမ်း ၁၀ ဂရမ်၊ မြန်မာငွေကျပ် ၄၈၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိသဖြင့် အားဖို(၃၅)နှစ်နှင့် အားဒါး (ဖမ်းမမိသေး)တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုတွင် ဘိန်းဖြူများဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၁၉

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနောင်ချိုလှုပ်ရှားအဖွဲ့သည် ဩဂုတ် ၁၇ ရက်ည ၈ နာရီက သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် သီပေါမှ မန္တလေးဘက်သို့ တင်ဘုန်းလှိုင်မောင်းနှင်လာသော နံပါတ်မပါ ဆိုင်ကယ်အားရှာဖွေရာ တင်ဘုန်းလှိုင်ခါးရှိ ခါးပတ်အိတ်အတွင်း ဆပ်ပြာခွက် တစ်ခွက်လျှင် ဘိန်းဖြူမှုန့်အလေးချိန် ၁၂ ဂရမ်ခန့်စီပါ နှစ်ခွက်၊ တူးဘောက်အတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၁၂ ဂရမ်ခန့်ပါ တစ်ခွက် စုစုပေါင်း သုံးခွက် ဘိန်းဖြူမှုန့်အလေးချိန် ၃၆ ဂရမ် တွေ့ရှိသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မော်ခါးကျေးရွာတွင် ပြန်လည်ရောင်းချရန် ဝယ်ယူသယ်ဆောင်လာကြောင်းသိရသဖြင့် တင်ဘုန်းလှိုင်(၃၉)နှစ် မော်ခါးကျေးရွာ ဝန်းသိုမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူအား နောင်ချိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ဘော်မြေသား(iprd)

(FDA) မှ အလုကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် -1309 PC 0021

အဖိုးတန်ဂျင်စင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့်ဆံပင်နီခြင်း၊ ဆံပင် နစ်ခွ ဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန် စေပါသည်။
နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။

ရန်ကုန် (ရုံးချုပ်) - အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ ၀၉ ၈၆၁၈၀၈၁၊ ၀၉ ၄၉၃၁၆၄၀၈
မန္တလေး (ရုံးခွဲ) - အမှတ်(၅၀/၅၁)၊ တတ(၁၂)၊ (၈) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - (၀၂) ၅၁၅၂၃၂၀၊ ၅၁၅၂၃၂၁။



နှာခေါင်းနှင့်ပတ်သက်သော ရောဂါများကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသမှုအစီအစဉ်

မှန်ပြောင်းဖြင့်ကုသပေးနိုင်သောရောဂါများ
+ သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
+ အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
+ အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်း စသောရောဂါများ
+ နှာခေါင်းအတွင်းရှိ ကင်ဆာအကျိတ်များကို ဖြတ်ထုတ်ခြင်း
+ နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
+ နှာခေါင်းနှင့်ပတ်သက်သော အခြားရောဂါများ

မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်း၏အကျိုးကျေးဇူးများ
+ ထိခိုက်နာကျင်မှုနည်းပါးသောကုသမှုဖြစ်ပြီး ကျန်းမာသောတစ်သျှူးများကို ထိခိုက်စေခြင်းမရှိနိုင်ပါ။
+ နိုင်ငံတကာအတွေ့အကြုံရှိဆရာဝန်ကြီးမှမှန်ပြောင်းအသုံးပြု၍ခွဲစိတ်ကုသမှုပေးသောကြောင့်ခွဲစိတ်ကုသသည့်အချိန်တိုတောင်းပြီးပိုမိုကောင်းမွန်သောရလဒ်များကို ရရှိစေ၍ ပုံမှန်လုပ်ငန်းဆောင်တာများကိုအမြန်ဆုံးပြန်လည်လုပ်ဆောင်နိုင်ပါမည်။
+ သွေးထွက်နည်းပါးစေပြီးအမာရွတ်ထင်ကျန်မှုလျော့နည်းစေပါသည်။

စင်ကာပူနိုင်ငံမှအထူးကုဆရာဝန်ကြီးနှင့် မြန်မာဆရာဝန်ကြီးများ ပူးပေါင်း၍ ဩဂုတ်လ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa-mm.com

နယ်စပ်ဒေသအပါအဝင် ကျေးလက်နေပြည်သူများ မြို့ပြဆင်းရဲသူများ၏ လူမှုစီးပွားဘဝတိုးတက်စေရန် Quick Win Plan

ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတကြီးကလည်း ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များအားဖြည့်ဆည်းပေးရမည့်တာဝန်တို့ကို (Third Wave) လုပ်ငန်းစဉ်အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားရှိသည်။

အထက်ပါလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ညှိနှိုင်းပူးပေါင်း၍ (Public Private Partnership) စနစ်ဖြင့် တစ်နိုင်ငံလုံးရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ အခြေခံအိမ်တွင်းမှု သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပြီးသော တိုင်းရင်းသူများအား အထည်ချုပ်စက်ရုံသုံး ခေတ်မီမော်တာအထည်ချုပ်စက် ကျွမ်းကျင်သင်တန်းကို တစ်ကြိမ်လျှင် သင်တန်းသူ ၁၀၀ အား ရက်သတ္တ နှစ်ပတ်တွင်ဝါရင့်နည်းပြများနှင့် လေ့ကျင့်ပေးလျက်ရှိပါသည်။ သင်တန်းဆင်းပြီးပါက အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးကာ အထည်ချုပ်စက်ရုံများတွင် အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းများအဖြစ် တိုက်ရိုက်ခန့်အပ်လုပ်ကိုင် ဆောင်ရွက်စေလျက်ရှိသည်။

အဆိုပါ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းတက်ရောက်ခဲ့သည့် တိုင်းရင်းသူများသည် နယ်စပ်ဒေသအသီးသီးရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှု ၁၄ ပတ်သင်တန်းများ၌ အခြေခံအပ်ချုပ်စက် အသုံးပြုနည်းမှစ၍ အမျိုးသမီး၊ အမျိုးသား၊ ကလေးအင်္ကျီ၊ ဘောင်းဘီအမျိုးမျိုးကို ကိုယ်တိုင်အစအဆုံး ချုပ်လုပ်နိုင်သည်အထိ သင်ကြားပြီးဖြစ်သည်။ ၎င်းအပြင် အဆင့်မြင့်စက်ချုပ်သင်တန်းထပ်မံ တက်ရောက်၍ ခေတ်မီအင်္ကျီအမျိုးမျိုးကို စင်တီမီတာနည်း၊ လက်မနည်းများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တိုင်းထွာချုပ်လုပ်နိုင်သည်အထိ သင်ကြားလေ့ကျင့်ခဲ့ကြပြီးဖြစ်သည်။

၎င်းသင်တန်းဆင်း သမီးငယ်များထဲမှ ခေတ်မီမော်တာ

အထည်ချုပ်စက်သင်တန်းသို့ တက်ရောက်ရန် ဆန္ဒပြုသည့် နေပြည်တော်မှ ၁၀ဦး၊ ကချင်ပြည်နယ်မှ လေးဦး၊ ကယားပြည်နယ်မှ သုံးဦး၊ ကရင်ပြည်နယ်မှ လေးဦး၊ ချင်းပြည်နယ်မှ ရှစ်ဦး၊ မွန်ပြည်နယ်မှ ခြောက်ဦး၊ ရခိုင်ပြည်နယ်မှ ရှစ်ဦး၊ ရှမ်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၈ ဦး စုစုပေါင်း ၁၀၀ တို့အား ဒဂုံမြို့သစ်မြောက်ပိုင်း ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် နှစ်ပတ်သင်တန်းတက်ရောက်စေလျက် ဩဂုတ် ၁၅ ရက်တွင် သင်တန်းဆင်း၍ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အလုပ်သမားအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်၍ (Myanmar Synergy Garment Co., Ltd) အထည်ချုပ်စက်ရုံတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ခန့်အပ်၍ တာဝန်များ ထမ်းဆောင်နေကြပြီဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက် ပေးခြင်းကြောင့် နယ်စပ်ဒေသအပါအဝင် ကျေးလက်နေ ပြည်သူများ၊ မြို့ပြဆင်းရဲသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိခံစားကြရမည်

အထက်ပါအတိုင်း နိုင်ငံတော်၏(Third Wave) လုပ်ငန်းစဉ်ပါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးခြင်းကြောင့် နယ်စပ်ဒေသအပါအဝင် ကျေးလက်နေပြည်သူများ၊ မြို့ပြဆင်းရဲသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ ရရှိခံစားကြရမည်ဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍတွင် ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကြမည် ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မည့် (Poverty Reduction) ဖြစ်ပြီး ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု (Rural development) ကိုအလျင်အမြန် (Quick Win Result) ရရှိမည်ဖြစ်သည်။ ယင်း (Plan) ကို စဉ်ဆက်မပြတ် (Sustainable) နှစ်ပတ်တစ်ကြိမ် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသူ ၁၀၀ တို့အား သင်ကြားလေ့ကျင့်ပေးကာ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပူးပေါင်း၍ အလုပ်အကိုင် ခန့်အပ်သွားမည်ဖြစ်သည်။ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း တက်ရောက်နိုင်ရန် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုပညာသင်တန်းကျောင်းများမှ အခြေခံ၊ အဆင့်မြင့် ၁၄ ပတ်စက်ချုပ်သင်တန်းဆင်းပြီး သင်တန်းသူ ၃၀၀၀ ကျော်အသင့်ရှိနေပြီး ဖြစ်သည်။

မင်းသန့်(ဒဿန)ပညာ/လေ့ကျင့်

သင်တန်းများ တက်ရောက်ကြသည့်အခါ နေထိုင်စားသောက်မှု၊ သင်ထောက်ကူပစ္စည်းများ၊ သွားလာမှုခရီးစရိတ်မှအစ နိုင်ငံတော်မှကျခံသုံးစွဲကာ အခမဲ့တက်ရောက်ခွင့်ရရှိကြပြီး သင်တန်းတက်စဉ်ကာလအတွင်း စည်းကမ်းများကို စနစ်တကျ လိုက်နာ၍ နံနက်ပိုင်း ကိုယ်လက်ကြံ့ခိုင်ရေး ပြုလုပ်ရခြင်း၊ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားလေ့ကျင့်ရခြင်း၊ ကိုးကွယ်သည့် ဘာသာအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခြင်း၊ ကိုယ်ကျင့်တရားနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာများ၊ တာဝန်ဝတ္တရားဆိုင်ရာများကို စနစ်တကျ လေ့ကျင့်မှုကြောင့် မော်တာစက်ချုပ်ကျွမ်းကျင်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားမှုအပြည့်ရှိသည့် ယဉ်ကျေးလိမ္မာသော ကျွမ်းကျင်ဝန်ထမ်းများ (well-experienced and skillful labour) မွေးထုတ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပူးပေါင်းဆောင်ရွက်လိုသူများအနေဖြင့် (for entrepreneurs who want to cooperate in garment sector) ဆက်သွယ်နိုင်ပါကြောင်း နိုင်ငံ့အကျိုးမျှော်ကိုး၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

APEX ASIA Medical Center
စိတ်လက်ချမ်းသာ ကိုယ်ကျန်းမာ ယုံကြည်စိတ်ချရတာ
Apex Asia Medical Center....
မိမိ၏အသက်အရွယ်ကျား/မ မရွေးဖြစ်ပွားလာနိုင်ခြေရှိသော ရောဂါအကြောင်းရင်းခံများကို ချိန်ထိုးဆန်းစစ်ထားသော မိမိအတွက် စစ်ဆေးသင့်စစ်ဆေးထိုက်သော Health Check များကို AAMC တွင် စစ်ဆေးခြင်းဖြင့် မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင် ဂရုစိုက်ပါ။
1. Basic Health Check-up (Male/Female) အခြေခံကျန်းမာရေးစစ်ဆေးမှု (အမျိုးသား/အမျိုးသမီး)
2. Essential Health Check-up (Male/Female) အသက်အရွယ်ကျား/မအလိုက် စစ်ဆေးသင့်သော ကျန်းမာရေး ဆေးစစ်ဆေးမှုများ
3. Pap Mini Health Check နှစ်စဉ်စစ်ဆေးသားအိမ်ခေါင်းကင်ဆာကာကွယ်ရေး
4.Couple Health Check (Pre marital) ချစ်ခရီးအစ၊ ကျန်းမာရေးစစ်ဆေးကြ
5. Employment Health Check လုပ်ငန်းခွင်ကျန်းမာရေးစစ်ဆေးခြင်း
6. Psycho-social Health Check လုပ်ငန်းခွင်စိတ်ဖိစီးမှုကြံ့ခိုင်မှု စစ်ဆေးခြင်း
7. Health & Safety Check for Food Handler အစားအသောက်ကိုင်တွယ်သူများအတွက် ကျန်းမာရေးနှင့်စိတ်ချလုံခြုံရေးစစ်ဆေးမှုများ

စမ်းသပ်ချိန် ဆွေးနွေးတိုင်ပင်ချိန် လုံလောက်စွာရရှိနိုင်သည့် နိုင်ငံတကာအဆင့်မီကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါရှာဖွေကုသရေးစင်တာ
Office Hour (8:30am to 6:00pm except Sundays & Holidays)
No 33/2, Pyay Road, Yadanar Lane, 7 Mile, Mayangone Township, Yangon, Myanmar.
Tel : 01 662 801, 01 662 467, 09 73227 555 | **24 Hour Answering Line : 09 73227 666**

ရတနာမိုး ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
(၁၄)ညအိပ် (၁၅)ရက်ခရီးစဉ်
(၁၁)ညအိပ် (၁၂)ရက်ခရီးစဉ်
(၇)ညအိပ် (၈)ရက်ခရီးစဉ်
(၄)ညအိပ် (၅)ရက်ခရီးစဉ်
ဖော်ပြပါခရီးစဉ်များကို Oct လမှစ၍ လစဉ်ပို့ဆောင်ပေးပါမည်။ Hotel စရိတ်ငြိမ်းဖြင့် ခရီးစဉ်များကို တာဝန်ယူစီစဉ်ပို့ဆောင်ပေးပါမည်။
❖ (၁၇)ညအိပ် (၁၈)ရက် (နယူးဒေလီ-ရေခဲတောင်ခရီးစဉ်)
❖ (၇)ညအိပ် (၈)ရက် (ဂယာ-နယူးဒေလီ-မွန်ဘိုင်းခရီးစဉ်)
သီရိလင်္ကာ ဗုဒ္ဓမြတ်စွယ်တော်ဖူးခရီးစဉ် ဟိုတယ်/စရိတ်ငြိမ်း 16 Sep
ရန်ကုန်ရုံးချုပ် ☎ 01 - 377352, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ ☎ 085-29769, 09-33317787

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်နေရာသို့ သွားရောက်၍ လူဝင်မှု စစ်ဆေးရေးကောင်တာများ၌ နိုင်ငံကူးလက်မှတ်နှင့် အထောက်အထားစာရွက်စာတမ်းများအား ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးနိုင်ရေးဆောင်ရွက်ထားရှိမှု၊ မကြာမီဆောင်ရွက်တော့မည့် e-Visa စနစ်ဖြင့် ဝင်ရောက်လာမည့် နိုင်ငံခြားသားများအတွက် စိစစ်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စက်ကိရိယာတပ်ဆင်ပြီးစီးမှုများ၊ ပြည်ပခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများက စစ်ဆေးရေးလုပ်ငန်းများစစ်ဆေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။**(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုက်ရောက်ဗီဇာ(Visa on Arrival) ကောင်တာအနီးရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လမ်းညွှန်ချက်၊ ကြေညာချက်ဆိုင်းဘုတ်များကို ကြည့်ရှုပြီးဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား နှုတ်ဆက်၍ လိုအပ်ချက်များ မေးမြန်းသည်။

ယခုအခါ မြန်မာနိုင်ငံသို့ လုပ်ငန်းဗီဇာ၊ ပြည်ပဗီဇာနှင့် ဖြတ်သန်းဗီဇာတို့ဖြင့် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြားသားများအား ဆိုက်ရောက်ဗီဇာ (Visa on Arrival) ဖြင့်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး စက်တင်ဘာ ၁ ရက်မှစ၍ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားဗီဇာဖြင့် ဝင်ရောက်မည့် နိုင်ငံခြားသားများအား e-Visa စနစ်ဖြင့် ခွင့်ပြုဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုများ လျော့ကျစေရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ၃၃ ကေဗွီ Insulated Aluminium Cable များ လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်နှင့် ဒုတိယအင်ဂျင်နီယာချုပ်တို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် အပြစ်ဖြစ်ပွားမှု နည်းပါးစေရန်အတွက် Insulated Conductor System ကို ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများတွင် တပ်ဆင်တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မူလလျှပ်ကာမပါသော ကြိုးများအား ယခုအခါ လျှပ်ကာဖုံးထားသော ကြိုးများဖြင့် ဆက်လက်လဲလှယ်သွားရန်၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် ယခုစနစ်ကို လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားပြီး ရန်ကုန်မြို့အတွင်း ဓာတ်အားလိုင်းကြိုးများလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီမြစ်ရေ တိုက်စားမှုကြောင့် လူနေအိမ်များပြောင်းရွှေ့

စလင်း ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပေါက်လေးပင်အုပ်စု ဆင်ပွတ်ကျေးရွာနှင့် ခြောက်ပင်ကျွန်းကျေးရွာ အရှေ့ဘက်တွင် ဩဂုတ် ၁၈ ရက်က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျခဲ့သဖြင့် အဆိုပါကမ်းစပ်နှင့် ကပ်နေသည့် ဆင်ပွတ်ကျေးရွာရှိလူနေအိမ်ကိုးလုံးနှင့် ခြောက်ပင်ကျွန်းကျေးရွာရှိလူနေအိမ်ငါးလုံး စုစုပေါင်းနေအိမ် ၁၄ လုံးတို့အား ၎င်းတို့ဝယ်ယူထားသည့် တလင်းကြီးကုန်းကျေးရွာအုပ်စု ကုန်သာကွင်း အမှတ်(၆၄၅)သို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့် ရွာသူ/ရွာသားများက ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြောင်းနှင့် အဆိုပါနေ့ နံနက် ၇ နာရီက စလင်းမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဘိုကုန်းကျေးရွာနှင့် ကြူတောမြောက်ကျေးရွာအနီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကြူတောမြောက်ကျေးရွာရှိ ကမ်းပါးနှင့်နီးစပ်သည့် လူနေအိမ်သုံးလုံးအား ဇီးဖြူကုန်းကျေးရွာအုပ်စု ကြူတောကျေးရွာရှိ ၎င်းတို့ဝယ်ယူထားသည့် ကွင်းအမှတ်(၄၀၄)နှင့် (၄၀၆)ပေါ်သို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **(ကျော်ဇေယျ)**

မိတ္ထီလာမြို့ ချမ်းအေးသာယာနယ်မြေမီးလောင်ပြင်လူနေအိမ်များအတွက် လုံးချင်းအိမ်များမဲနှိုက်၍ ပြန်လည်နေရာချထားပေး

မိတ္ထီလာ ဩဂုတ် ၁၉

မိတ္ထီလာတွင် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်က နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာ နယ်မြေတွင် မီးလောင်ပျက်စီးသွားသည့် မီးလောင်ပြင် လူနေအိမ်များအတွက် အလှူရှင်များ၏ လှူဒါန်းမှုဖြင့်တည်ဆောက်ပြီးစီးသွားသည့် လုံးချင်း(သွပ်မိုး၊ အုတ်ကာ)လူနေအိမ်များကို မဲနှိုက်၍ ပြန်လည်နေရာချထားခြင်းကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီမှ စတင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သဖြင့် ချမ်းအေးသာယာနယ်မြေမှ ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်းသိရသည်။

ထိုသို့လူနေအိမ်များ ပြန်လည်နေရာချထားခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံး၊ မီးလောင်ပြင် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ အတွင်းရေးမှူးဦးသိန်းထွန်းဇော်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ဝိုင်းဝန်းဆောင်ရွက်မှုဖြင့် ဗဟိုပို့/ ဆက်သင်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းနှင့် အမက(၁၆)အင်းကုန်း ယာယီကယ်ဆယ်ရေး စခန်းတို့မှ ဗုဒ္ဓဘာသာဝင်အိမ်ထောင်စု ၉၅ စု၊ အစ္စလာမ်ဘာသာဝင်အိမ်ထောင်စု ၂၅၅ စု စုစုပေါင်း အိမ်ထောင်စု ၃၅၀ အား အေ၊ ဘီ၊ စီ၊ ဒီ၊ အီး အုပ်စုခွဲ တည်ဆောက်ထားသည့် လုံးချင်းနေအိမ်များတွင် ပြန်လည်နေရာချထားပေးခြင်းဖြစ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လုံးချင်းနေအိမ်များမဲနှိုက်နေရာချထားခြင်းကို ကာကယံရှင်ပြည်သူများအားလုံးရှေ့တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ပြီး မဲနှိုက်မဲပေါက်စာရင်းသွင်းပြီးနောက် မဲပေါက်သူများက ၎င်းတို့မဲပေါက်ပိုင်ဆိုင်သည့် လုံးချင်းနေအိမ်များကို သွားရောက်ကြည့်ရှုပြီး ဝမ်းသာပျော်ရွှင်လျက်ရှိသည်။ ချမ်းအေးသာယာနယ်မြေတွင် တည်ဆောက်ဆဲ လုံးချင်းနေအိမ်များကိုလည်း စက်တင်ဘာ ၁၅ ရက်တွင် ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

မဲပေါက်သူများမှ ၎င်းတို့မဲပေါက်ပိုင်ဆိုင်သည့် လုံးချင်းအိမ်များကို ဝမ်းသာပျော်ရွှင်စွာ သွားရောက်ကြည့်ရှုကြစဉ်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည် သဘောပေါက်စေရန် အသိပညာပေး အထူးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို စိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ဩဂုတ် ၁၆ ရက် ည ၇ နာရီက ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမာမာကြူက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်နှင့် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုရဲမှူး စိုးမြင့်ဦးက မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့သည်။

မင်းမင်းလတ်(ရှုပဗေဒ)



☆ ကျောဖုံးမှ

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၂၀၁၄ အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၁၉၉၇ ခုနှစ်တွင် မိုင်းလားအထူးဒေသ(၄)၊ ၂၀၀၃ ခုနှစ်တွင် ကိုးကန့်အထူးဒေသ(၁)၊ ၂၀၀၅ ခုနှစ်တွင် "ဝ"အထူးဒေသ(၂) နယ်မြေများမှာဘိန်းကင်းမဲ့ဇုန်များ ဖြစ်လာခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုဓလေ့သည် မိမိတို့နိုင်ငံအတွင်း ပပျောက်သွားခြင်းမရှိဘဲ အခြားနေရာဒေသများတွင် အမြစ်တွယ်ရှင်သန်ဆဲဖြစ်နေခဲ့ပါကြောင်း။

၁၉၉၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၂၁၅၀၀ ဟက်တာအထိ ကျဆင်းသွားခဲ့ပြီး ၂၀၀၇ ခုနှစ်က စတင်ပြီး တစ်စတစ်စပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ အထိ ရှိလာခဲ့ပါကြောင်း။

ထို့ပြင် စိတ်ကြွရူးသွပ်ဆေးပြဿနာသည် နိုင်ငံအတွက်ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် ခြိမ်းခြောက်လာခဲ့ပြီး မြို့နယ်ပေါင်း ၁၆၀ ကျော်တွင် ဖမ်းဆီးအရေးယူခဲ့ရမှုဖြစ်စဉ်များအရ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေး သုံးစွဲမှုဓလေ့သည် မြန်မာ့လူ့ဘောင်အတွင်း လျင်မြန်စွာပျံ့နှံ့လာခဲ့ကြောင်းကို တွေ့ရှိရပါကြောင်း၊ လူမှုနယ်ပယ် အသီးသီးမှာရှိသည့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ သားကောင်များဘဝ ကျရောက်ပြီး အနာဂတ်ပျောက်ဆုံးနေမှုများသည် နိုင်ငံတော်တည်ဆောက်ရေး ရှေ့ခရီးအတွက်ရတက်မအေးစရာဖြစ်လာခဲ့ပြီး ကာယကံရှင်များ၏မိဘဆွေမျိုးအသိုင်းအဝိုင်းအတွက် သားသမီးရတနာများ ဆုံးရှုံးရသကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံသစ်တည်ဆောက်ရေးအင်အားကို ချည့်နဲ့သွားစေနိုင်ပါကြောင်း။

မူးယစ်ဆေးဝါး ခြိမ်းခြောက်မှုအန္တရာယ်အပေါ် လူထု၏စိုးရိမ်ပူပန်မှုများ တစ်နေ့တခြား မြင့်မားလာလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များအပေါ် လူထုယုံကြည်ကိုးစားပါဝင်မှုကို မြှင့်တင်နိုင်ရန်နှင့် လူထုအတွင်း မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအန္တရာယ်အပေါ် စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်ကြီးကို ရှင်သန်အားကောင်းပြီး ပြုပြင်ပြောင်းလဲရေးဦးတည်သည့်ချဉ်းကပ်မှုပုံစံ (A dynamic reform- oriented approach)နှင့် အရှိန်အဟုန်မြှင့်တင်သွားရန် အချိန်ကျရောက်နေပြီဟု တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ၏ ရည်မှန်းချက်ဖြစ်သော Drug Free ASEAN 2015 ဖြစ်ရေး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တာဝန်ရှိကြောင်းကို ဂရုပြုရန်လိုအပ်ပါကြောင်း။

အလားတူ ၂၀၁၄ ခုနှစ်သည် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ၂၀၀၉ ခုနှစ် နိုင်ငံရေးကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (2009 Political Declaration and Plan of Action on the World Drug Problem)အပေါ် လုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည်သုံးသပ်သည့်နှစ်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂမှ ၂၀၁၉ ခုနှစ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှု လုံးဝပပျောက်ရေး (သို့မဟုတ်) လျှော့ချရေးလုပ်ငန်းများ သိသာစွာဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ချမှတ်ထားပါကြောင်း။

၂၀၁၄ ခုနှစ်သည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၏ ခရီးတစ်ဝက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပခဲ့သည့် (၅၇)ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေး၌ မူးယစ်ဆေးဝါးပပျောက်ရေး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်လည်း ၎င်းဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေရေးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုအကြောင်းရင်းများကို လေ့လာကြည့်ပါက ဘိန်းစိုက်ပျိုးရာဒေသအများစုတွင် မြေပြင်အနေအထားအရ သွားလာမှုခက်ခဲခြင်း၊ အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုမရှိခြင်း၊ ထွက်ရှိသည့်သီးနှံများ ဈေးကွက်သို့ ရောက်ရှိရန် စရိတ်ကြီးမြင့်ခြင်း၊ ဒေသခံပြည်သူများ၏ ဝင်ငွေနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးပြီး စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ဘိန်းသည် အခြားသီးနှံထက် ဝင်ငွေပိုရခြင်းတို့ကြောင့်ဖြစ်ကြောင်းကိုတွေ့ရှိရသည့်အပြင် အချို့ဒေသများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းကို အခွင့်ကောင်းယူပြီး စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါကြောင်း။

ဘိန်းခင်းများကို ခေတ်မီနည်းပညာများအသုံးပြု၍ ထောက်လှမ်းခြင်း၊ တည်နေရာမြေပုံများအတည်ပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်စေသည့်နည်းလမ်းများဖြင့် ဖျက်ဆီးခြင်းများကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တပ်မတော်၊ ရဲတပ်ဖွဲ့များ၊ ဒေသခံ လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဘိန်းစိုက်ပျိုးမှုလျှော့နည်းကျဆင်းရေးဆောင်ရွက်ရာမှာ စိုက်ပျိုးပြီး ဘိန်းခင်းများကို ဖျက်ဆီးခြင်းကဲ့သို့ တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်တစ်ခုတည်းဖြင့်မရနိုင်ဘဲ ဘိန်းစိုက်ဒေသနေ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေး၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများကို မြှင့်တင်ပေးရေး အစရှိသော အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဒေသအလိုက် နယ်မြေသဘာဝနှင့်ကိုက်ညီသော အစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် ဈေးကွက်ဝင်ဆန့်မှုဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်သည်မှ ဈေးကွက်ရောက်သည်အထိ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ခိုင်မာအားကောင်းချောမွေ့အောင် ဝိုင်းဝန်းဖန်တီး ထူထောင်ပေးရန်ဖြစ်ပါကြောင်း။

ထို့ပြင် စိတ်ကြွရူးသွပ်ဆေးပြားပြဿနာသည်လည်း နိုင်ငံအတွက် ခြိမ်းခြောက်လာသည့် စိန်ခေါ်မှုအသစ်တစ်ခုဖြစ်ပါကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အခြေခံလိုအပ်သော ဓာတုပစ္စည်းများသည် နိုင်ငံအတွင်း ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း သွားလာမှုခက်ခဲပြီး တောတောင်ထူထပ်သည့် နယ်စပ်ကိုဖြတ်ကျော်ကာ အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့် ဝင်ရောက်လျက်ရှိသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရသိရှိရပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုသည့် ဓာတုပစ္စည်း (ပရီကာဆာ)များကို ထိန်းချုပ်နိုင်ရေးအတွက် ရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဂိတ်၊ နိုင်ငံတကာ ဝင်ပေါက်များတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့်အတွက် တရားဝင်တင်သွင်းလာသော ဓာတုကုန်ကြမ်းပစ္စည်းများကိုလည်း မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို လမ်းလွဲမရောက်အောင် ထိန်းချုပ်ရေးကော်မတီအဆင့်ဆင့်မှ စနစ်တကျထိန်းသိမ်းစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို တားဆီးနှိမ်နင်းရေး ကဏ္ဍတစ်ခုတည်းအနေဖြင့် ရှုမြင်ခြင်းမပြုသင့်ဘဲ ကျန်းမာရေးရှုထောင့်နှင့်လူမှုစီးပွားရေးအမြင်တို့ဖြင့်ရှုမြင်ပြီး ကုသမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲသူများ စာရင်းအမှန် ရရှိနိုင်ရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာ ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြားသော လူမှုအဖွဲ့အစည်းအသီးသီးမှ အဖွဲ့အစည်းဝင်များက ဆိုင်ရာနယ်ပယ်အလိုက် စောင့်ကြည့်သတင်းရယူပြီး မူးယစ်ဆေးဝါးသားကောင်ဘဝကျရောက်နေရသည့် မူးယစ်ဆေးစွဲနေသူများကို စည်းရုံးပညာပေးခြင်း၊ နှစ်သိမ့်အားပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးဖြစ်သည့် သွေးနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းနှင့်ပတ်သက်သည့် ရောဂါများအပြင် HIV/AIDS ကဲ့သို့သော ရောဂါပိုးများ ပျံ့နှံ့မှုအန္တရာယ်လျှော့ချရေးကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆေးဖြတ်ကုသပြီးလူနာများ၏ လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းသည်လည်း မူးယစ်ဆေးဝါး ပြန်လည်သုံးစွဲမှုမရှိစေရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကို ဆေးစွဲပြီးမှ ကုသရခြင်းထက် ပညာပေးလုပ်ငန်းများဖြင့် ကြိုတင်ကာကွယ်မှုကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါး ကင်းစင်ရေးအတွက် နိုင်ငံတော်၏ စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား အလွှာအသီးသီးရှိ ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင် သိရှိနားလည်စေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးမှုများတိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ထိုကဲ့သို့ အသိပညာပေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကို ပြည်သူလူထုကိုယ်တိုင် ပိုမိုပါဝင်တိုက်ဖျက်လိုစိတ်များ ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား မူးယစ်ဆေးဝါးဥပဒေနှင့် ပတ်သက်သည့်အသိပညာပေးခြင်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အလားတူ ကျောင်းသားလူငယ်များသည် အတွေ့အကြုံနုနယ်ပြီး မူးယစ်ဆေးဝါးသားကောင်များအဖြစ် အများဆုံး သိမ်းသွင်းခံရနိုင်သည့် အုပ်စုများဖြစ်သဖြင့် ကြိုတင်ကာကွယ် အသိပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ပြီး ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့များအကြား ချိတ်ဆက်၍ လစ်ဟာမှုမရှိအောင် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုပါကြောင်း။

တားဆီးနှိမ်နင်းရေးကဏ္ဍအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်ရေးအတွက် ပင်ရင်းထိဖော်ထုတ်အရေးယူနိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျောင်းများနှင့် လုပ်ငန်းခွင်များတွင်လည်း မူးယစ်ဆေးဝါးကင်းစင်လိုသည့် ဆန္ဒပြင်းပြ၍ သတင်းပေးလာနိုင်စေရေးအတွက် စောင့်ကြည့်အဖွဲ့နှင့် သတင်းပေးကွန်ရက်များ တည်ထောင်ထားရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စတုတ္ထ ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ ဆက်လက်ဆောင်ရွက်သွားရာမှာလည်း စီမံချက်ချမှတ်ခြင်း (Plan)၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (Implementation)၊ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring)၊ ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း (Evaluation)နှင့် တွေ့ရှိချက်အပေါ် လုပ်ငန်းအစီအမံများ ပြန်လည်ချမှတ်ခြင်း (Revision)တို့ဖြင့် ပြည့်စုံကောင်းမွန်သည့် အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဘိန်းစိုက်ပျိုးသည့် တောင်သူများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားသည့်အမြင်ဖြင့် ရှုမြင်သုံးသပ်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကိုဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေးအမြင်များကို ယှဉ်တွဲပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအချိန်သည် နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ရေရှည်အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ချမှတ်ပေးရမည့်အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များ ချက်ချင်း ဆောင်ရွက်ပေးရမည့်အပိုင်းများကို တတိယအဆင့် (Third Wave)အဖြစ် အရှိန်မြှင့်တင်ပြီး ဆောင်ရွက်နေသောကာလဖြစ်သည်နှင့်အညီ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရာမှာ မူးယစ်ဗဟိုအဖွဲ့ လုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် အဆင့်ဆင့်သောမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တာဝန်သိမှု၊ တာဝန်ရှိမှုတို့ဖြင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုအားကိုရယူ၍ အောင်မြင်အောင်အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဗဟိုအဖွဲ့လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့က သက်ဆိုင်ရာလုပ်ငန်းပိုင်းအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဗဟိုအဖွဲ့လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ဖြည့်စွက်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖြည့်စွက်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ANTI TANK WEAPON ဆိုင်ရာပြခန်းများအား လေ့လာကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးတို့ လိုက်ပါလျက် ဩဂုတ် ၁၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပြုလုပ်သော The International Exhibition "Oboronexpo-2014" ပြပွဲသို့ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် "ROSOBORONEXPORT" မှ Defence Technologies and Space Department အကြီးအကဲ Mikhail S.BYCHKOV၊ Head of Special Projects Group မှ Mikhail BANASHKO တို့က ကုမ္ပဏီဆိုင်ရာအကြောင်းအရာအကျဉ်းချုပ်များ တင်ပြခဲ့ပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ကလည်း သိရှိလိုသည်များမေးမြန်း၍ အပြန်အလှန်ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်းခင်းကျင်းပြသထားသည့် လေကြောင်းရန်ကာကွယ်ရေး၊ တင့်၊ သံချပ်ကာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ခင်းကျင်းပြသထားမှုနှင့် ANTI TANK WEAPON ဆိုင်ရာပြခန်းများအား လေ့လာကြည့်ရှုရာ**(ယာပုံ)** တာဝန်ရှိသူများက ရှင်းလင်းပြသဆွေးနွေးပေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဩဂုတ် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ ရုရှားဖက်ဒရေးရှင်းတပ်မတော်မှ Chief of General Staff of Russian Armed Forces ဖြစ်သူ Army General Valery V. Gerasimov နှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် ရဲနိုင်မျိုးတို့ တက်ရောက်ကြပြီး Army General Valery V.Gerasimov နှင့်အတူ နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးဌာနမှူး Major General V. POZNIKHIR၊ နိုင်ငံတကာဆက်ဆံရေးဌာနမှူး Major General E.ELINE နှင့် တပ်မတော်အရာရှိကြီးများ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖက်ဒရယ်အဖွဲ့(FSMTC)မှ ဒုတိယအကြီးအကဲ Mr.PURCHUK နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကာလရှည်ကြာ အပြန်အလှန်မိတ်ဖက်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရှေ့အလားအလာ၊ ဒေသတွင်းတည်ငြိမ်ရေးကိစ္စများ၌ နှစ်နိုင်ငံအပြန်အလှန်နားလည်စာနာမှုနှင့် လေးစားထောက်ခံမှု၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လည်ပတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအခြေခံသည့် နယ်ပယ်ပေါင်းစုံ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Army General Valery V.Gerasimov တို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီမှ ၈ နာရီခွဲအထိ မော်စကိုမြစ်အတွင်း ရေယာဉ်ဖြင့်မြို့ပြစနစ်တည်ဆောက်ထားရှိမှုနှင့် သဘာဝရှုခင်းအလှများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်သုံးဆက်သွယ်ရေးစက်များအကြောင်း ရှင်းလင်းတင်ပြမှုကို ကြည့်ရှုစဉ်။ (မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်သုံးဆက်သွယ်ရေးစက်များ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၉

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူးတို့ လိုက်ပါလျက် ဩဂုတ် ၁၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပြုလုပ်သော The International Exhibition "Oboronexpo-2014" ပြပွဲသို့ ဒုတိယနေ့ဆက်လက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် သက်ဆိုင်ရာကုမ္ပဏီအလိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ပတ်သက်၍ Simulator ဖြင့် ရှင်းလင်းတင်ပြမှုနှင့် စစ်မြေပြင်သုံး ဆက်သွယ်ရေးစက်များအကြောင်း ရှင်းလင်းတင်ပြမှုကို ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များမေးမြန်း၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် Federal Service for Military Technical Cooperation(FSMTC) First Department မှ Chief of Department Sergey I. BUGAKOV နှင့် တွေ့ဆုံပြီး စက်မှုနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲ ၃ နာရီတွင် ရုရှားယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ကရင်မလင်နန်းတော်နှင့် လက်နက်ပြတိုက်တို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယလုပွဲစဉ်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်ကို ယနေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ဆက်လက်ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် သတ္တမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေအောက်ကေဘယ်ဆက်ကြောင်းပြုပြင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအတွက် အဓိကချိတ်ဆက်သုံးစွဲထားသည့် SMW-3 ရေအောက်ကေဘယ်ဆက်ကြောင်း၏ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံအကြားချိတ်ဆက်ထားသည့် ရေအောက်ကေဘယ်သည် ဩဂုတ် ၁၂ ရက် ည ၈ နာရီတွင် ချွတ်ယွင်းပြတ်တောက်မှုဖြစ်ပေါ်ခဲ့သဖြင့် စင်ကာပူနိုင်ငံမှတစ်ဆင့် ချိတ်ဆက်သုံးစွဲထားသော ပြည်ပတယ်လီဖုန်းလိုင်း ၈၆၃၂ လိုင်းနှင့် အင်တာနက် ၆ ဒသမ ၈၄ ဂစ်တို့ ပြတ်တောက်လျက်ရှိသည်။

SMW-3 ရေအောက်ကေဘယ်အဖွဲ့အစည်းမှ သတင်းပေးပို့ချက်အရ ချွတ်ယွင်းမှုကိုပြုပြင်ရန် ASEAN RESTORER ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘောဖြင့် ဩဂုတ် ၂၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင်ပြုပြင်ခြင်းလုပ်ငန်းများပြီးစီး၍ ဆက်ကြောင်းများပြန်လည်ကောင်းမွန်နိုင်မည်ဟု သိရှိရကြောင်းနှင့် လက်ရှိတွင် SMW-3 ရေအောက်ကေဘယ်ဆက်ကြောင်း၏အိန္ဒိယနိုင်ငံ Mumbai မှ ဆက်သွယ်ထားသော ဆက်ကြောင်းပိုင်းနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။ **(ကြေးမုံ)**

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် အောက်သို့ ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၁၉

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာ ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

○ **လေဆိပ်နှင့်ဆိပ်ကမ်းမှ**

သီးခြားစစ်ဆေးရေးအဖွဲ့များထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဆိပ်ကမ်းများအတွင်းမှ သတင်းရရှိသည့်ကွန်တိန်နာများ ပြင်ပရောက်ရှိကဆူးလေဆိပ်ကမ်းအတွင်းသို့သွင်း၍ နေ့ညစစ်ဆေးမည်ဖြစ်ကြောင်း ပြောပြသည်။

ပို့ကုန်စစ်ဆေးမှုတွင် လက်ရှိအခြေအနေအတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး သွင်းကုန်စစ်ဆေးရေးအပိုင်းတွင် ယခင်က Red Channel ကို အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးခဲ့သော်လည်း ဩဂုတ် ၁၆ ရက် မှစတင်၍ ပူးပေါင်းစစ်ဆေးခြင်းမပြုတော့ဘဲ သတင်းရယူခြင်း၊ လေ့လာခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်လုပ်ငန်းစဉ်များကို မူလအတိုင်း အကောက်ခွန်ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အမှားအယွင်းများတွေ့ရှိပါက Mobile Team အဖွဲ့သို့ သတင်းပေးရန်ဖြစ်ကြောင်း၊ Mobile Team အဖွဲ့သို့ သတင်းပေးပို့လာသည့် ကွန်တိန်နာများကို ဆူးလေရှိဂိုဒေါင်တွင် မြေပြင်ချစစ်အဖွဲ့က စစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

သီးခြားသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၁၉

စက်မှုဝန်ကြီးဌာန အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) အဆင့်မြှင့်တင်ရေးနှင့် တိုးချဲ့ရေး စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ဂျာမနီနိုင်ငံ KfW Development Bank နှင့် သီးခြားသဘောတူညီချက် (Separate Agreement) လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဂျာမနီနိုင်ငံသံရုံးမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကောင်စစ်ဝန်၊ KfW Development Bank နှင့် GIZ အဖွဲ့အစည်းတို့မှ Country Director များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်နှင့် ဂျာမနီနိုင်ငံ KfW Development Bank မှ Country Director Mr. Christian Ritcher တို့က သီးခြားသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။**(အပေါ်ပုံ)**

အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) အဆင့်မြှင့်တင်ရေးနှင့် တိုးချဲ့ရေးစီမံကိန်းကာလကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သတ်မှတ်ထားသည်။ သီးခြားသဘောတူညီချက်အရ KfW Development Bank အနေဖြင့် သင်ထောက်ကူပစ္စည်းများပံ့ပိုးပေးခြင်း၊ ပညာရှင်များစေလွှတ်၍ နည်းပညာများ လွှဲပြောင်းပေးခြင်း၊ သင်တန်းနည်းပြများအား ပြည်တွင်းပြည်ပ သင်တန်းများပေးခြင်း၊Technical Teacher Training Center တိုးချဲ့ဖွင့်လှစ်ရေးအတွက် ယူရိုငွေလေးသန်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ရေး၊ ပြုပြင်ရေး၊ သယ်ယူရေး၊ တပ်ဆင်ရေးလုပ်ငန်းများအတွက် ယူရိုငွေ ၂ ဒသမ ၅ သန်းခန့် အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးပွဲစဉ်တွင် မြန်မာနှင့်မလေးရှားတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များမှာ ဩဂုတ် ၁၈ ရက်က ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာယူ-၁၉ အသင်းမှာ ဆီမီးဖိုင်နယ်တွင် မလေးရှားအသင်းနှင့် တွေ့ဆုံနေသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ မြန်မာယူ-၁၉ အသင်းက အုပ်စုပထမ၊ ထိုင်းအသင်းကအုပ်စုဒုတိယ၊ အုပ်စု(ခ)တွင် ဗီယက်နမ်အသင်းကအုပ်စု ပထမ၊ မလေးရှားအသင်းကအုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်သို့တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် မြန်မာနှင့်မလေးရှား၊ ဒုတိယပွဲအဖြစ် ဗီယက်နမ်နှင့် ထိုင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ အာရှယူ-၁၉ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းများရရှိနေသည်။ မြန်မာ ယူ-၁၉ အသင်းမှာအုပ်စုပွဲစဉ်များတွင် ထိုင်းကိုသုံးဂိုး-နှစ်ဂိုး၊ တီမောကို သုံးဂိုး-တစ်ဂိုး၊ လာအိုကို သုံးဂိုး-နှစ်ဂိုး၊ ဖိလစ်ပိုင်ကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် လေးပွဲကစား လေးပွဲစလုံးအနိုင်ရရှိထားသည့် အသင်းတစ်သင်းဖြစ်သည်။

သတင်း
ဓာတ်ပုံ
ချစ်ကိုကို

မြန်မာယူ-၁၉ အသင်းကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၀-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀ မြန်မာစာ၊ မြန်မာစကား(အပိုင်း-၁၂)
၇:၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရသစာပေအရေးအသားအထူးပြု)(ရသစာပေ အရေးအသား)
၉:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၉:၃၀ သုခမရင်ခွင်အငြိမ့်သဘင် “ကုမုဒြာအငြိမ့်” (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်) (မင်းသမီး-တက္ကသိုလ်ခိုင်မာလွင်၊ လူရွှင်တော်-တိုင်းကျော်၊ ပြည်ကျော်၊ ဗေကြီး၊ အရှည်ကြီး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ဒေါ်သန်းစိန် (တော်ဝင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်း)၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်နှင့် ဒေါ်သီတာနိုင်[၉/မရမ(နိုင်)၀၆၀၁၇၁]နှင့် အများသိရှိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒီဆားရ်ရမ်[၁/ပတအ(နိုင်)၀၄၄၇၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၈)၊ ဦးပိုင်(၁၉) ဂရန်မြေကွက်မှာ အမည်ပေါက်ပိုင်ရှင်ဦးဇော်လွင်မှ တရားဝင် စာချုပ်စာတမ်းများဖြင့် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှန်ခဲ့သော (၁၄-၁၂-၁၉၉၄) ခုနှစ်ကပင် ရောင်းချခဲ့ပြီး ဖြစ်ပါသည်။ ယင်းဂရန်မြေကွက်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် တရားဝင်လွှဲပြောင်းရောင်းချထားခဲ့ရာ ယခုအချိန်တွင် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဒီဆားရ်ရမ်မှ လက်ရှိ တရားဝင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသော ဂရန်မြေကွက် ဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ဒေါ်သီတာနိုင်မှ ၁၇-၆-၂၀၁၄ ရက်စွဲပါ မန္တလေး နေ့စဉ်သတင်းစာတွင် ယင်းဂရန်မြေကွက်နှင့်ပတ်သက်၍ မြေစာရင်းပုံစံ (၁၀၅)၊ မြေပုံအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးယူထားပြီး ၎င်း၏ လက်ဝယ်တွင် ရေစိုပျက်စီးသွားကြောင်း အများသိစေရန်ကြေညာခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဒီဆားရ်ရမ်မှ ယင်းဂရန်မြေကွက်သည် မိမိပိုင်ဖြစ်ကြောင်း ယင်းဂရန်မြေကွက်နှင့်ပတ်သက်သည့် မြေယာပုံစံ(၁၀၅) အပါအဝင် ယင်းမြေကွက်၏ မူရင်းဂရန်များနှင့် အခြားလိုအပ်သော စာရွက်စာတမ်းအပြည့်အစုံမှာ မိမိထံတွင်ရှိကြောင်း ၁၃-၇-၂၀၁၄ ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ပြန်လည်အသိပေးကြေညာခဲ့ပြီးလည်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဝယ်ယူပိုင်ဆိုင်ထားသော အိမ်ဝင်းမြေအတွင်းသို့ ဒေါ်သန်းစိန် (တော်ဝင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်း)မှ ကျွန်ုပ်၏မိတ်ဆွေကာရံထားသော ဝင်းခြံအကာအရံများကို ဖျက်စီးပြီး ဝင်ရောက်ကျူးကျော်၍ အဆောက်အအုံများ ဆောက်လုပ်နေကြောင်း သိရှိရပါသည်။

ဒေါ်သန်းစိန် (တော်ဝင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်း)အနေဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ တရားဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားသော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန် တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၈)၊ ဦးပိုင်(၁၉)မှ အမြန်ဆုံးဖယ်ရှားပေးပါရန် အသိပေး အကြောင်းကြားလိုက်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဒီဆားရ်ရမ်	ဒေါ်နန်းဖြိုးဝသုန်ဦး**(LL.B)**
[၁/ပတအ(နိုင်)၀၄၄၇၂၅]	အထက်တန်းရှေ့နေ (စဉ်-၃၉၀၂၂)
ဖုန်း-၀၉-၄၀၀၄၂၄၃၈၈	ဖုန်း-၀၉-၉၁၀၂၅၇၃၆၊ ၀၉-၂၅၉၀၉၉၉၀၄

ရွှေနဂါး ကျိုက်ထီးရိုး၊ ချောင်းသာ
Hotel, Scania Bus, Restaurant, Guide Service......
❖ ပုဂံ(ရွှယ်တော်လေးဆူ) – ပုပ္ပား(အဘထွက်ပွဲ) နှင့် ဘုရားစုံ Sep-9
❖ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ပင်းတယ Oct-3,...
Ph: 209077, 209388, 09 73167000,09 73168000

ရွှေထက် (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09250202697,0931629890,0949577445
တောင်ကြီး၊ တလော၊ ထမ်စမ်းလိုဏ်ဂူ၊ အင်းလေး၊ မွေ့တော်ကက္ကူ၊ ပင်းတယ
အဘ ဘိုးမင်းခေါင်ထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ ရွှယ်တော်လေးဆူ၊
ပခုက္ကူ၊ ပြည်ငါးပြည် Sep - 7/8 အင်းလေးဖောင်တော်ဦးပွဲ 140000
Hotel Package (ဇရိတ်ငြိမ်း) ကြိုတင်လက်မှတ်ဝယ်ယူရရှိနိုင်ပါသည်။

Restaurant, Hotel Package, SCANIA 2+1 VIP
ပုဂံ-ညောင်ဦး-ပုပ္ပါး(ရွှယ်တော်လေးဆူ ပြည်ငါးပြည်အထူး) 120000 Sep-10
(ညပိုင်း Dinner စားရင်းဖျော်ဖြေပွဲပါ။) ၃ညအိပ်/၄ရက်
အမှတ်(၅၄)၊ Orange Center
VIP 2+1 Car Wifi Free
Ph: 09-420073607, 09-31013761, 09-49250637

“ပျောက်ဆုံးခြင်း”

T.S INTERNATIONAL TRADING CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်- ၈၁၀ /၂၀၁၂-၂၀၁၃ ရက်စွဲ (၄-၆-၂၀၁၂) မူရင်းကဒ်ပြား မှာ (၁၂-၈-၂၀၁၄) ရက်နေ့ နံနက်(၁၀:၀၀) နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ Ph: 397234.

“ပျောက်ဆုံးခြင်း”

T.S INTERNATIONAL TRADING CO., LTD. ၏ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်- (ထသက-၂၈၁၄၀) ရက်စွဲ (၁၁-၆-၂၀၁၂) မူရင်းကဒ်ပြား မှာ (၁၂-၈-၂၀၁၄) ရက်နေ့ နံနက်(၁၀:၀၀)နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။ Ph: 397234.

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စက္ကူ၊ မင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် စက္ကူ၊ မင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားသုံးငွေ/ပြည်တွင်း (ကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

1.Woodfree Paper (28¼ "x 40")
2.Art Card (210 gsm)31"x43" (500 Sht/Pkt)
3.Ink (Green, Yellow, Magenta. Cyan)
4.Negative Plate (၃)မျိုး
5.Positive Plate (၁)မျိုး
6.ATM ကော် (ပြည်တွင်းကျပ်ငွေ)

၂။ အိတ်ဖွင့်တင်ဒါများကို (၂၀-၈-၂၀၁၄)ရက်မှ (၂၂-၈-၂၀၁၄)ရက်နေ့အထိ နေ့စဉ်(၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၅-၈-၂၀၁၄) ရက်နေ့ (၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံထုတ်ယူရန်နေရာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	ရုံးအမှတ်(၇)၊ နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အောက်ပါ ပြည်နယ်/ခရိုင်/ မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	တောင်ကြီးမြို့	ရွှေညောင်အားကစားကွင်းပြုပြင်ခြင်းလုပ်ငန်း(၆)ခု။
၂။	တောင်ကြီးမြို့	ပြည်နယ်အားကစားကွင်းပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း။
၃။	တောင်ကြီးမြို့	ပြည်နယ်/ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (၂)ထပ်အိမ် တည်ဆောက်ခြင်းလုပ်ငန်း။
၄။ အားကစား	တောင်ကြီးမြို့	အခြေခံပညာအထက်တန်းကျောင်း(၂)ကျောင်းတွင် ကွင်းပြုပြင်ခြင်းလုပ်ငန်း။
၅။	ကလောမြို့	ဦးစီးအရာရှိ ရုံး/အိမ်တည်ဆောက်ခြင်းလုပ်ငန်း။
၆။	ရပ်စောက်မြို့	ဦးစီးအရာရှိရုံး/အိမ်တည်ဆောက်ခြင်းလုပ်ငန်း။
၇။	ပင်းတယမြို့	ပွဲလှဘောလုံးကွင်း မြေညှိပြုပြင်ခြင်းနှင့် ဘေးပတ်လည် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း။
၈။	ဆီဆိုင်မြို့	ဆိုက်ခေါင်အားကစားကွင်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်း(၇)ခု။
၉။	ကျောက်မဲမြို့	ခရိုင်လ/ထညွှန်ကြားရေးမှူး နေအိမ်တည်ဆောက်ခြင်းလုပ်ငန်း။
၁၀။	နမ့်စန်မြို့	အထူးတန်းပွဲကြည့်စင်+ ပရိသတ်ပွဲကြည့်စင်ဆောက်လုပ်ခြင်း။
၁၁။	လွိုင်လင်မြို့	ခရိုင်ကွင်း Inner Fencing ကာရံခြင်းလုပ်ငန်း။
၁၂။	ညောင်ရွှေမြို့	မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း။
၁၃။	မိုင်းပျဉ်းမြို့	အားကစားကွင်းအဆင့်မြှင့်မွမ်းမံခြင်းလုပ်ငန်း။
၁၄။	မိုင်းပန်မြို့	ဘောလုံးအားကစားကွင်းပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်း။
၁၅။	မိုင်းယန်းမြို့	အားကစားရုံအကြီးစားပြုပြင်ခြင်းလုပ်ငန်း။
၁၆။	ကွမ်းလုံမြို့	မြို့နယ်အဆင့်အားကစားရုံ (၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်း။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့် အဆောက်အအုံ အသေးစိတ်ကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ (က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၀-၈-၂၀၁၄ ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၉-၂၀၁၄ ရက်၊ ညနေ (၄:၀၀) နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - လူမှုရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လူမှုရေးဝန်ကြီးရုံး
ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

ဩဂုတ်လလယ် မြစ်ညာပိုင်းရွာသွန်းသောမိုးကြောင့် ချင်းတွင်းမြစ်ရေလမ်းကြောင်း ပိုမိုကောင်းမွန်လာ

မုံရွာ ဩဂုတ် ၁၉

ချင်းတွင်းမြစ်တစ်လျှောက် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မြို့ကြီးများ၏ ၂၀၁၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ မိုးရွာသွန်းမှုမှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၃ ခုနှစ် ကာလတူနှိုင်းယှဉ်ချက်အရ လျော့နည်းစွာရွာသွန်းခဲ့ခြင်းကြောင့် ချင်းတွင်းမြစ်ရေတက်မှုမှာ ယခင်နှစ်များနှင့်မတူ နောက်ကျ၍ ရေကြောင်းသွားလာမှုကျပ်တည်းမည်ဟု တွက်ချက်ထားသော်လည်း ဩဂုတ် ၁၅ ရက်က ချင်းတွင်းမြစ်အထက်ပိုင်းတွင် မိုးရွာသွန်းမှုများသောကြောင့် မြစ်ကြောင်းတစ်လျှောက် ရေတက်အားကောင်းမွန်ကာ ရေကြောင်းသွားလာမှုအဆင်ပြေလာနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းထုတ်ပြန်မှုမှ သိရသည်။

ချင်းတွင်းမြစ်အတွင်း နှစ်စဉ်သဲနုန်းများပို့ချ၍ သောင်ထွန်းမှုများဖြစ်ပေါ်လာရခြင်းကြောင့် မြစ်ကြမ်းပြင်မြင့်တက်လာမှုများရှိလာပြီး မိုးရာသီတွင် ချင်းတွင်းမြစ်ရေကြီး၍ မြစ်ကမ်းဘေး ဝဲ၊ ယာ ရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေကြီးရေလျှံမှုမှကာကွယ်နိုင်ရန် မြစ်ကြောင်းတစ်လျှောက်ပြုပြင်ခြင်း၊ မြစ်ကြမ်းပြင်နိမ့်ကျစေရန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းစသည့် ရေလမ်းထိန်းသိမ်းရေးများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရဲ့ ရေဝေဒေသအတွင်း သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာတဲ့အတွက် မြစ်အတွင်း စီးဝင်နေတဲ့ ပမာဏလျော့နည်းလာခဲ့ပြီး သဲနုန်းများ အနည်ထိုင်တာတွေပိုလာခဲ့တဲ့အတွက် နှစ်စဉ်ပျမ်းမျှကျဆင်းတဲ့ သဲနုန်းမှာ တန်ချိန် ၁၃၁ သန်းရှိပါတယ်။ မြစ်အတွင်း အနည်ထိုင်နေတဲ့ သဲနုန်းတွေဟာ ရေစီးအားကြောင့် မြစ်ညာက မြစ်ကြောကို ရွေ့လာပြီး မြစ်ကြမ်းပြင်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပါတယ်။ မြစ်ကြမ်းပြင်ပြောင်းလဲမှုများကြောင့် မြစ်ကြောင်းများအတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အကန့်အသတ်တွေရှိလာပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

လွှန်းတင်ရာသီ၌ မြိတ်-ကျွဲကူး မြေပေါ်လွှန်းကျင်းတွင် ရေယာဉ်အဟောင်းများ လွှန်းတင်ပြင်ဆင်မှုများပြားလာ

မြိတ် ဩဂုတ် ၁၉

မြစ်ရေများ၍ ငါးဖမ်းရာသီကုန်ဆုံးချိန်(လွှန်းတင်ရာသီ)၌ မြိတ်-ကျွဲကူးသင်္ဘောကျင်းတွင် ရေယာဉ်များအသစ်တည်ဆောက်မှု လျော့နည်းပြီး ရေယာဉ်ဟောင်းများကို လွှန်းတင်ပြင်ဆင်မှု များပြားလာကြောင်း သိရသည်။

ကျွဲကူးမြေပေါ် လွှန်းကျင်းတွင် စက်လှေရောက်ပြီဆိုသည်နှင့် သန့်ရှင်းသပ်ရပ် ကျယ်ပြန့်ခိုင်မာပြီး မြေငါးဧကခန့်ကျယ်ဝန်းသည့် မြေပြင်ပေါ်၌ ကွန်ကရစ်ခင်းထားသော လွှန်းကျင်းပေါ်တွင် ကျွမ်းကျင်သောအလုပ်သမားများက ခေတ်မီလုပ်ငန်းသုံးကိရိယာများကိုအသုံးပြု၍ တိုတောင်းသည့်ရက်ပိုင်းအတွင်း ခိုင်ခံ့လှပသစ်လွင်၍ ဂုဏ်ယူဝင့်ကြွားနိုင်သည့် စက်လှေတစ်စင်းအဖြစ် ချက်ချင်းပြောင်းလဲသွားအောင် လွှန်းတင်ပြင်ဆင်သည့် စက်လှေ၏ ပေအရှည်အသေးစိတ်အပေါ်မူတည်၍ ပြုပြင်မွမ်းမံ စွမ်းဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ယခုနှစ် လွှန်းတင်ရာသီမှာ လက်ခံဆောင်ရွက်ပေးမှုအနေနဲ့ အသစ်တည်ဆောက်ပေးမှုအပိုင်းမှာ ရေယာဉ်က နည်းတယ်။ လွှန်းတင်စစ်ဆေးပြီး ပြုပြင်ရတဲ့ ရေယာဉ်အရေအတွက်က မနှစ်ကထက် ပိုမိုများပြားလာတယ်။ လွှန်းတင်ရာသီအစကနေပြီးတော့ ယခု ဩဂုတ်လလယ်အထိ နံဘေးပြုပြင်၊ အပေါက်ဖာ၊ ဆေးသုတ်၊ ပျဉ်ပြားလဲလှယ်ခြင်းများ ပြုပြင်သည့် အစင်းရေ ၁၀၀ ရှိပြီး အကြီးစားပြင်ဆင်မှုမှာ ခြောက်စင်း၊ အသစ်တည်ဆောက်မှုအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ သုံးစင်းဆောက်လုပ်ပေးခဲ့ပါတယ်။ ရေယာဉ်အသစ် တည်ဆောက်မှုတွေကို ပုဂ္ဂလိကအပ်နှံမှုအပေါ်မူတည်ပြီး ပြုပြင်ခဲ့တာပါ။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ရေယာဉ်အသစ် တည်ဆောက်မှုမှာ အစင်းရေပေါင်း ၃၀ ဆောက်လုပ်ခဲ့ပြီး ပြုပြင်မှုအနေနဲ့ အစင်း ၅၀၀ ပြုပြင်ခဲ့ပြီး ဖြစ်ပါတယ်။ လှေအသစ်တစ်စင်း တည်ဆောက်မယ်ဆိုပါက လေးလခန့်ကြာမြင့်ပြီး ပြုပြင်မှုအနေနဲ့ဆိုရင် သုံး၊ လေးရက်လောက်ကြာတယ်"ဟု ကျွဲကူးမြေပေါ်လွှန်းကျင်း မန်နေဂျာကိုရဲက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လွှန်းကျင်း လေးခုနှင့် ကော့သောင်းမြို့တွင် တစ်ခု စုစုပေါင်း မြေပေါ်လွှန်းကျင်းလုပ်ငန်း ငါးခုရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၀၀	ပဉ္စာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀	"ရွှေအိုးမြှုပ်နေတာပါ" တရားတော်(ဆရာတော်အရှင်ပုညာနန္ဒ)
၁၀း၄၅	အနုပညာမိုးကောင်းကင်
၁၁း၀၅	ဟင်းချက်ရအောင်
၄း၄၅	ရွှေဘိုခရီးစဉ်
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၈၆)
၇း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘုရားပေးသောဆု" (အပိုင်း-၁၆)
၁း၂၀	ခေတ်သစ်ပျိုမေ
၂း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၄၅)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်"(အပိုင်း-၅၂)

Aluminium Doors & Windows များ တင်ဒါခေါ်ယူခြင်း

Asia Myanmar Consortium Development (AMCD) Co.,Ltd မှ တည်ဆောက်လျက်ရှိသော River View Point Project တွင် တပ်ဆင်အသုံးပြုရန်အတွက် Aluminium Frame Sliding Windows & Doors < With 8mm thick Tempered Glass, Handles & Ironmongeries >များ တင်ဒါခေါ်ရန်ရှိပါသဖြင့် တင်ဒါတင်သွင်းလိုသူများ ကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

Asia Myanmar Consortium Development (AMCD)Co.,Ltd.
အမှတ်-ဘီ/၂၀၅၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၄၀၄၂၇၊ ၀၁-၅၅၇၄၄၈ (လိုင်းခွဲ-၃၂၀၅)

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Dell Optiplex 9020 MT - ၁၀၀ လုံး
(ခ) Sony Laptop (Core i5-4200U) - ၅ လုံး
(ဂ) Canon Color Printer - ၃ လုံး
(ဃ) Canon Portable Scanner - ၄ လုံး
(င) Canon Fax (Fax Only) - ၅ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၈-၂၀၁၄ ရက်မှ ၃၀-၈-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၉-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇

သွင်းကုန်ကြေညာလွှာ (ID)ပျောက်ဆုံးကြောင်း

ကျွန်မ DAW NWAE NWAE LWIN [9/KHA AH ZA(N) 028234] သည် ID No-732790 Dt: 25-6-2014 ဖြင့် မော်တော်ယာဉ်တင်သွင်းခဲ့ရာ ၂၃-၇-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် ကညနနယ်ဝင်ပြုလုပ်ရန် မိတ္တူမှန်ပြန်လည်လျှောက်ထားခြင်း။

ဖုန်း-၀၉-၉၁၀၃၄၆၆၄

မိုက်ကယ်ဂျက်ဆင်၏ တေးသီချင်းဗီဒီယိုသစ် ထွက်ရှိ

ပေါ့ပ်ဂီတလောက၏ ဘုရင်တစ်ပါးဟုတင်စားကြသည့် ကြွေလွင့်ကြယ်ပွင့် မိုက်ကယ်ဂျက်ဆင် မကွယ်လွန်မီ နောက်ဆုံးထွက်ရှိခဲ့သည့် A Place With No Name သီချင်း၏ တေးသီချင်းဗီဒီယိုထွက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုက်ကယ်ဂျက်ဆင်၏ တေးသီချင်းဗီဒီယိုကို ၁၉၉၂ ခုနှစ်က မိုက်ကယ်ဂျက်ဆင်၏ တတိယမြောက် တစ်ကိုယ်တော်အယ်လ်ဘမ်မှ In The Closet တေးသီချင်းဗီဒီယို ရိုက်ကူးပေးခဲ့သူ ဒါရိုက်တာ ဆမ်မျူရယ်ဘေယာက ပုံဖော်ရိုက်ကူးသွားမည်ဖြစ်သည်။

ဂီတ၊ အကနှင့် ဖက်ရှင်လောကတွင် ဆယ်စုနှစ်လေးစုခန့်ကြာ ထိပ်ဆုံးတွင် နေရာယူထားနိုင်ခဲ့သူ မိုက်ကယ်ဂျက်ဆင်သည် အသက်(၅၀)အရွယ် ၂၀၀၉ ခုနှစ် ဇွန် ၂၅ ရက်တွင် ကွယ်လွန်ခဲ့သည်။

လန်ဒန်ရုပ်ရှင်ပွဲတော်(၂၀၁၄)ကို ဘရက်ဒ်ပစ်၏ ဒရာမာဇာတ်ကားသစ်ဖြင့် ပိတ်မည်

ယူကေ၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် လန်ဒန်ရုပ်ရှင်ပွဲတော်(၂၀၁၄)ကို အောက်တိုဘာ ၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ယင်းပွဲတော်၏ ပိတ်ပွဲအခမ်းအနားတွင် ဟောလိဝုဒ်ငွေကြယ်ပွင့် အော်စကာဆုရှင် ဘရက်ဒ်ပစ်၏ ဒုတိယကမ္ဘာစစ်အတွင်းက တပ်ကြပ်ကြီးတစ်ဦးအကြောင်းပုံဖော်ထားသည့် Fury အမည်ရှိ ဒရာမာဇာတ်ကားသစ်ဖြင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၈)ကြိမ်မြောက် လန်ဒန်ရုပ်ရှင်ပွဲတော်၏ပိတ်ပွဲတွင် ယင်းဇာတ်ကားပြသရခြင်းနှင့်ပတ်သက်ပြီး ဘရက်ဒ်ပစ်က "အရမ်းဂုဏ်ယူစရာကောင်းပါတယ်၊ ကျွန်တော်ဇာတ်ကားရိုက်ခဲ့တဲ့ အင်္ဂလန်ကို ပြန်လာခွင့်ရတာကိုလည်း ဝမ်းသာပါတယ်"ဟု ဆိုသည်။

အဆိုပါ Fury ဇာတ်ကားတွင် မင်းသား ဘရက်ဒ်ပစ်က အဓိကခေါင်းဆောင်အဖြစ်ပါဝင်ထားပြီး အောက်တိုဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ပြသမည်ဖြစ်သည်။

အဆိုပါ လန်ဒန်ရုပ်ရှင်ပွဲတော်၏ ပိတ်ပွဲတွင် ဝါရင့်အနုပညာရှင်များဖြစ်ကြသည့် ဘရက်ဒ်ပစ်နှင့် ဒါရိုက်တာ ဒေးဗစ်အေရာတို့၏ လက်ရာ Fury ဇာတ်ကားပြသမည်ဖြစ်သည့်အတွက် ယင်းရုပ်ရှင်ပွဲတော်သည် မော်ကွန်းတင်မည့် ပွဲတစ်ပွဲဖြစ်လာနိုင်ပါကြောင်း ရုပ်ရှင်ပွဲတော်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မျိုးစန္ဒာမောင် – စုစည်းသည်

ပြည်ပဈေးကွက်ထိုးဖောက်မည့် မြန်မာ့ရေချိုငါးမြစ်ချင်းခေါင်း

ရန်ကုန် ဩဂုတ် ၁၉

ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် နိုင်ငံတကာ မွေးမြူရေးနှင့် ရေလုပ်ငန်းပြပွဲများ၊ ကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသခြင်းဖြင့် ပြည်ပနိုင်ငံများတွင် ငါးဈေးကွက်ရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ Beijing မြို့၌ ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ပြုလုပ်သည့် နိုင်ငံတကာကုန်စည်ပြပွဲ(Beijing International Trad Fair 2014)တွင် ကဏန်း၊ ပုစွန်၊ ပင်လယ်ငါး စသည့် မြန်မာ့ရေထွက်ကုန်ပစ္စည်းများအပြင် တစ်မူထူးခြားစွာဖြင့် ရေချိုငါးမြစ်ချင်းငါးခေါင်းများကို တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

ပြပွဲသို့ ငါးမြစ်ချင်းခေါင်းများ ပြသရန် ရည်ရွယ်ဖြစ်ခဲ့ပုံနှင့် ပတ်သက်၍ "ကျွန်တော် ဒီငါးမြစ်ချင်းခေါင်းတွေကို တရုတ်နိုင်ငံဈေးကွက်ကို ထိုးဖောက်ဖို့ ရည်ရွယ်ရတာက Beijing က ငါးဈေးကွက်ရှိတယ်၊ ပြီးတော့ ဒီကလူတွေ ငါးခေါင်းဟင်းချိုကို ကြိုက်ကြတယ်၊ သူတို့စားတာက ငွေရောင်ငါးကြင်း။ ဒါပေမယ့် မြန်မာနိုင်ငံကထွက်တဲ့ ရေချိုငါးမြစ်ချင်းခေါင်းတွေကို ဒီကလူတွေ စားကြည့်လို့ကြိုက်သွားရင် တရုတ်ပြည်မှာ ငါးခေါင်းဈေးကွက်ရသွားတာပေါ့"ဟု Orchard ကုမ္ပဏီမှ ဒေါက်တာမြင့်စိန်က ပြောသည်။

ငါးမြစ်ချင်းခြစ်သည် ပြည်တွင်းစားသုံးမှုဈေးကွက်တွင် တစ်ရက်လျှင် ကုန်ချိန် တစ်သောင်းနီးပါး ရောင်းချရပြီး ထွက်ရှိလာသော ငါးခေါင်းများအား ငါးခူစာအဖြစ်ကြိတ်၍ ကျွေးကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ငါးခေါင်းဟင်းချိုသည် တရုတ်နိုင်ငံသာမက စင်ကာပူနိုင်ငံတွင်လည်း လူကြိုက်များပြီး တစ်ပွဲလျှင် စင်ကာပူ ၂၅ ဒေါ်လာပေးရသည့် ရောင်းတန်းဝင် ဟင်းလျာတစ်မျိုးဖြစ်သည့်အတွက် ရေချိုငါးမြစ်ချင်းငါးခေါင်းများကို ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ပါက နိုင်ငံခြားဝင်ငွေများ ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုအခြေအနေမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုး(အမေရိကန်ဒေါ်လာ) သန်း ၇၀၀ လျာထားခဲ့ရာ ၂၉-၁၂-၂၀၁၃ ရက်အထိ အမေရိကန်ဒေါ်လာ ၄၀၂ ဒသမ ၈၂၄ သန်း ရှာဖွေပေးခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ **(သီသီမင်း)**

STNS Travel
အတတွက်ပွဲသို့ (9-9-2014) ထွက်မည်
အဘထွက်ပွဲ ပုပ္ပါး (၃)ရက် 28000
ဆက်၍ ပုဂံ-ညောင်ဦး (၄)ရက် 35000
09-420168325, 09-420211358

Job Opportunity
Universal Engineering & Technology Co.,Ltd
Utech is going to recruit following professionals for its on-going Telecom project in Myanmar.
1.Installation and Commissioning Engineer:(Male Only)
Education: Bachelor of Engineering (BE)/Bachelor of Technology (B-Tech)/ Bachelor of Engineering with CCNA
Experience: Fresh and Experienced
-Willing to travel
2.Technician: (Male Only)
Education: Must be high school passed
Experience: Fresh & willing to travel.
အခြေခံပညာအထက်တန်း(၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
ကျန်းမာသွက်လက်၍ အမြင့်တက်နိုင်သူဖြစ်ရမည်။ အလုပ်ကိစ္စဖြင့် နယ်သွားနိုင်သူဖြစ်ရမည်။
Contact Detail: House No.142/144, 2nd floor,35th street Middle, Kyauktada Township, Yangon. Or Send your CV to utech myanmar@gmail.com or hlasoe.utech@gmail.com
Contact Phone No:01-248094, 09-73110047

စာပေပါရဂူ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ
စီးဆင်းရစ်လေဦး. . . . . ရောဝတီ (ဒုတိယအကြိမ်)
စာပေဗိမာန်အရောင်းဆိုင်တွင် တစ်အုပ်လျှင် ၅၀၀၀ိ/-ကျပ်နှုန်းဖြင့်ဝယ်ယူရရှိနိုင်ပါသည်။
ထွက်နေပါပြီ
မမိုးမြေ
ရဲရင့်စစ်သူ
ထွက်ပါပြီ
မမျှော်လင့်ခဲ့မိသော. . . . .
အချစ်စိမ်း. . . နှင့် အခြားဝတ္ထုတိုများ (ဒုတိယအကြိမ်)
စာပေဗိမာန်အရောင်းဆိုင်တွင် တစ်အုပ်လျှင် ၁၀၀၀ိ/-ကျပ်နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဥပဒေရုံးများကို ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေရုံး အဆောက်အအုံ ၇၀ပေ×၄၇ ပေ (၃) ထပ် RC တစ်လုံး။
(ခ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဥပဒေရုံးအဆောက်အအုံ ၁၀၀ပေ×၄၅ (၁)ထပ် RC တစ်လုံး။
၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၂၀-၈-၂၀၁၄ရက်
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်ရက် ၁၉-၉-၂၀၁၄ရက်
(ဂ) တင်ဒါတင်သွင်းရမည့်ရက် ၂၄-၉-၂၀၁၄ရက်
၃။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၃၈၃၉၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဗဟုသုတဘူးကို ပိုထူးစေတဲ့ ပေါ်ပြူလာနယူးစ် ထွက်ပြီ
No.33 Vol.6
POPULAR News Journal
Right decisions come from wide vision.
■ ဝိဇ္ဇာနည်းဖြင့်ပရပါကသိပ္ပံနည်းဖြင့် ဝမ္မစေတီသေါင်းလောင်းရှာမည်
■ ခွေးခေါင်းစားစက်လိုနေပြီလား...ဘယ်လိုဓာန်းသိမ်းမလဲ...သက်ငယ်မှုဒီမိး
■ အဲသော့ဖ်ဂန်းနှင့် သုံးချေးတက်အသကြောက်တရား
■ ဂါဇာပဋိပက္ခမှာ ဘယ်သူလွန်သလဲ ?

ကျန်းမာ လှပ
တက်ကြွပျော်ရွှင်လိုသူတိုင်းအတွက်
Guide for Health & Beauty
ZIWAKA
ဇီဝက
ကျန်းမာရေး၊ အလှအပ၊ သုတ၊ ရသမဂ္ဂဇင်း
ထွက်ပြီ
September 2014 Issue
ရတနာသိုက် စာပေတိုက်
ဖုန်း – ၀၁ ၂၀၀၆၉၉၊ ၀၉၅၅၀၆၁၃၉၈၊ ၀၉ ၅၁ ၉၆၁၂၃

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048

BASIC ENGLISH SPEAKING		
1 - 2:30	(Mon ~ Thurs)	18 Aug
3:30 - 5	(Mon ~ Thurs)	25 Aug
1 - 4:00	(Sat + Sun)	31 Aug
1 - 2:30	(Mon ~ Thurs)	8 Sep
9 - 12:00	(Sat + Sun)	14 Sep

BASIC FOUR SKILLS ENGLISH		
7:30-10:30	(Sat + Sun)	24 Aug
7:30 - 9	(Mon ~ Thurs)	25 Aug
10-11:30	(Mon ~ Thurs)	25 Aug
6 - 7:30	(Mon ~ Thurs)	25 Aug
1 - 4:00	(Sat + Sun)	31 Aug
7:30 - 9	(Mon ~ Thurs)	1,8 Sep
1 - 2:30	(Mon ~ Thurs)	1 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)		
10-11:30	(Mon ~ Thurs)	8,22 Sep
7:30 - 9	(Mon ~ Thurs)	16 Sep
1 - 4:00	(Sat + Sun)	27 Sep

INTERMEDIATE (ACADEMIC ENGLISH)		
1 - 2:30	(Mon ~ Thurs)	25 Aug
7:30 - 9	(Mon ~ Thurs)	2 Sep

VOCAB ENRICHMENT		
1 - 4:00	(Sat + Sun)	7 Sep
10-11:30	(Mon ~ Thurs)	8 Sep

BASIC GRAMMAR		
7:30 - 9	(Mon ~ Thurs)	1 Sep
7:30-10:30	(Sat + Sun)	13 Sep

BASIC WRITING		
10-11:30	(Mon ~ Thurs)	25 Aug

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING		
7:30-10:30	(Sat + Sun)	23 Aug
12 - 3:00	(Sat + Sun)	13 Sep
7:30-10:30	(Sat + Sun)	14 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)		
7:30 - 9	(Mon ~ Thurs)	2 Sep
10-11:30	(Mon ~ Thurs)	8 Sep
12 - 3:00	(Sat + Sun)	13 Sep

BASIC FOUR SKILLS ENGLISH		
1 - 2:30	(Mon ~ Thurs)	2,15 Sep
12:30-3:30	(Sat + Sun)	6 Sep
7:30-10:30	(Sat + Sun)	7 Sep
10-11:30	(Mon ~ Thurs)	8 Sep
4:30-7:30	(Sat + Sun)	14 Sep

INTERMEDIATE (ACADEMIC ENGLISH)		
7:30 - 9	(Mon ~ Thurs)	2 Sep

IELTS (Preparation)		
7:30-9:30	(Mon ~ Thurs)	18 Aug
1 - 3:30	(Mon ~ Thurs)	1 Sep

IELTS Exam Practice		
3:30 - 5	(Mon ~ Thurs)	8 Sep

IELTS (Speaking)		
1 - 2:30	(Mon ~ Thurs)	22 Sep

IELTS (Reading)		
10 - 12:00	(Mon ~ Thurs)	1 Sep

IELTS (Writing)		
7:30 - 9	(Mon ~ Thurs)	1 Sep

အားကစား

နယူးကာဆယ်ကွင်းလယ်လူ တီအိုတီအား အာဆင်နယ်ပစ်မှတ်ထား

အင်္ဂလန်ထိပ်သီးကလပ် အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီအတွင်း အသင်း၏ ကွင်းလယ်ကိုအားဖြည့်ရန်အတွက် နယူးကာဆယ်အသင်း၏ အိုင်ဗရီကို့စ်ကွင်းလယ်လူ တီအိုတီအားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။ လက်ရှိအချိန်တွင် အာဆင်နယ်အသင်းမှာ အလက်ဆစ်ဆန်းချက်ဇ်၊ ချမ်ဘာစ်၊ ဒီဘူချီ၊ အော့စ်ပင်နာတို့အား ပေါင်သန်း ၄၀ ကျော်သုံးစွဲကာခေါ်ယူထားခဲ့သော်လည်း အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီကာလအတွင်း ထိပ်တန်းအဆင့်ကွင်းလယ်လူတစ်ဦးကို ထပ်မံခေါ်ယူလိုနေခြင်းလည်းဖြစ်သည်။ အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာဆင်ဝင်းဂါးမှာ တီအိုတီအား ကာလရှည်စိတ်ဝင်စားနေခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းသို့ရောက်ရှိရန် အလွန်နီးစပ်ခဲ့သော်လည်း ၎င်း၏အပြောင်းအရွှေ့မှာပျက်ပြယ်ခဲ့ရသည်။ သို့သော် အာဆင်နယ်အသင်းမှာ တီအိုတီအတွက် ပေါင် ရှစ်သန်းအထိပေးကာကမ်းလှမ်းသွားဖွယ်ရှိနေပြီး ၎င်းမှာလည်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးမှာ အသင်းမှထွက်ခွာသွားသည့် ဗာမယ်လန်းနေရာတွင် နောက်ခံလူတစ်ဦးကို ထပ်မံခေါ်ယူသွားရန် အလိုရှိနေပြီး ဂျူဗင်တပ်စ် နောက်ခံလူ ဘိုနူချီအား စောင့်ကြည့်နေကြောင်း သိရသည်။ [ကိုရဲ]

အီဗရာဟီမိုဗစ်ချ် ရက်သတ္တခြောက်ပတ်ကြာအနားယူရမည်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းက ဘတ်စတီယာအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဝမ်းဗိုက်ပိုင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တခြောက်ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက အခိုင်အမာပြောကြားခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် ဩဂုတ် ၁၆ ရက်က ဘတ်စတီယာအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဝမ်းဗိုက်ပိုင်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းနှင့်အတူ ပွဲထွက်ကစားနိုင်မည်မဟုတ်ဘဲ လိဂ်ပြိုင်ပွဲ ငါးပွဲအထိ လွဲချော်မည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ပီအက်စ်ဂျီနောက်ခံလူ ဗန်ဒါဝီးလ်သည်လည်းဒဏ်ရာပြဿနာကြုံထားပြီး အဆိုပါကစားသမားနှင့်ပတ်သက်၍ အချိန်ကာလမည်မျှအနားယူရမည်ကို ပီအက်စ်ဂျီအသင်းအနေဖြင့် ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။ [ငွေကြယ်]

တရုတ်လူငယ် အိုလံပစ်ပြိုင်ပွဲတွင် မြန်မာလူငယ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၉

တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် လူငယ်အိုလံပစ်ပြိုင်ပွဲတွင် မြန်မာလူငယ်အားကစားအဖွဲ့မှာ စုစုပေါင်း အားကစားနည်း ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ယင်းပြိုင်ပွဲကို ပြီးခဲ့သည့် ဩဂုတ် ၁၆ ရက်မှစတင်ကာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့များမှာ ဝူရှူး၊ ပြေးခုန်ပစ်၊ အလေးမ၊ မြားပစ်၊ ရွက်လှေ အားကစားနည်းတို့တွင် ကစားသမား ခြောက်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာလူငယ်အားကစားအဖွဲ့မှာ ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အားကစားနည်းအချို့မှ ဆုတံဆိပ်များရရှိရန် မျှော်မှန်းထားကြောင်းသိရသည်။

ပထမအကြိမ် လူငယ်အိုလံပစ်အားကစားပွဲတော်ကို ၂၀၁၀ ခုနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာလူငယ်အားကစားအဖွဲ့မှာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်မှသာ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ [ရဲစွမ်း]

လက်ရှိချန်ပီယံရာဖေးလ်နာဒယ် အမေရိကန်အိုးပင်းနှင့်လွဲမည်

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်သည် ညာလက်ကောက်ဝတ် ဒဏ်ရာ မသက်သာခြင်းကြောင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်းသိရသည်။ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲသည် ယခုနှစ်၏ နောက်ဆုံးဖြစ်သည့် ဂရင်းဆလင်းပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်တွင် စတင်မည်ဖြစ်သော်လည်း ရာဖေးလ်နာဒယ်မှာမူ ပြီးခဲ့သည့်လက လေ့ကျင့်ရေးကွင်း၌ ညာလက်ကောက်ဝတ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဇွန်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကိုးကြိမ်မြောက်အဖြစ် ဖလားဆွတ်ခူးနိုင်ခဲ့ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်မူ ကျောဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဝေါရင်ကာအား ရှုံးနိမ့်ကာ ဩစတြေးလျအိုးပင်းတင်းနစ်ချန်ပီယံဖြစ်ခွင့်နှင့် လွဲခဲ့ရသည်။ [နိုင်လင်းကြည်]

မန်ယူကွင်းလယ်လူ လင်းဂတ် ဆေးရုံမှဆင်းပြီ

မန်ယူကွင်းလယ်ကစားသမား လင်းဂတ်သည် မန်ယူအသင်းက ဆွမ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ညာခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဆေးဝါးကုသမှုခံယူခဲ့ရပြီး ယခုတွင်မူ ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်၍ ဆေးရုံမှ ဆင်းပြီဖြစ်ကြောင်းသိရသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လင်းဂတ်သည် ဩဂုတ် ၁၆ ရက်က မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ပြိုင်ပွဲကို စတင်ခဲ့ပြီး ပွဲကစားချိန် ၂၄ မိနစ်တွင် ဆွမ်ဆီးကစားသမား အက်ရှ်လေဝီလီယံနှင့် ဘောလုံးယှဉ်လုရာမှ ညာခြေထောက်ဒဏ်ရာရရှိခဲ့ကာ ဂျာနျူဇာနှင့်လူစားလဲခဲ့ရသည်။ ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် ဆေးရုံမှဆင်းခဲ့သော်လည်း အရှင်းမပျောက်သေးသဖြင့် ဆန်းဒါးလန်းအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် လွဲချော်ရန်မှာ သေချာနေပြီဖြစ်ကြောင်း သိရသည်။ ဆွမ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် မန်ယူအသင်းသည် ဂျွန်နီအီဗန်၊ ရာဖေးလ်၊ လူကီရှော၊ ဗလင်စီယာ၊ ဒန်နီဝဲလ်ဘက်၊ အန်ဒါဆန်၊ မိုက်ကယ်ကားရစ် စသည့်ကစားသမားများသည် ဒဏ်ရာပြဿနာ ကြုံနေသဖြင့် လွဲချော်ခဲ့ရသည်။ ထို့ကြောင့် ကွင်းလယ်ကစားသမားလင်းဂတ်ကို ပွဲထွက်စေခဲ့ရာ နည်းပြဗန်ဟားလ်၏ ၃-၅-၂ ကစားကွက်ဖြင့် အံဝင်ခဲ့သူဖြစ်သည်။ [ငွေကြယ်]

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။ အငှားထားကျွင်ရေးကောင်းရမည်။
ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ တတိယထပ်၊ (17'x60')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သပန်းအလုပ်များနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခန်းနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစားအကျိုးဆောင်၊ ကြော်ငြာများမလိုပါ)
ကျပ်သိန်း→(560) Ph:09-5053076

သင့်သွေးဖြင့် အသက်ကယ်ပါ

အောင်ဆန်း(၁၂)၊ ဗဝတ(ဖောင်ကြီး)သင်တန်းဆင်းများခင်ဗျား
နှစ်(၃၀)ပြည့် မိတ်ဆုံစားပွဲကို ၂၃-၈-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀နာရီမှ ၁၂နာရီထိ ဆောင်ရွက်ပါမည်။ M3 Food Center (ဗဟန်းအားကစားကွင်းနှင့်ရွှေတိဂုံဘုရားအနီး)သို့ ညီအစ်ကို၊ မောင်နှမများ ကြွရောက်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်ရန်-
စောမြင့်အောင်-၀၉-၈၆၀၁၃၁၉၁၊ သောင်းဟန်-၀၉-၄၂၈၁၁၅၃၇၈

အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာသုံးမည်တော့
ယုံကြည်စွာ အပ်နှံပါ
ဆရာ/မ B.Ed
SH မြင့်သူထက် YU
ဝါရင့်ဆရာကြီး
ငွေကုန်လူပန်း မဖြစ်စေရ
ဒီဗွာ၊ သီပွဲ နည်းပြသရုပ်ပြ
ကော်မရှင် Non-Stop ၂၁-၈-၂၀၁၄ စမည်
နိုင်ငံခြားရေးနှင့်ဝင်ခွင့်အားလုံးသင်တဲ့ ဝင်ခွင့်ရသင်တန်းကြီး
တက္ကသိုလ်ဝင်တန်း သင်ရိုးစာအုပ်
၁၊ ၂၊ ၃ ထွက်ပြီ English 4 Skills

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
Certificate TH09/3125 ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. Certificate TH06/3966.02

မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံးအလုပ်အကိုင်အခွင့်အလမ်းများပြပွဲကျင်းပမည်။
5th Job Fair 2014
Main Sponsor အခွင့်အလမ်း ဂျာနယ် The Opportunity Journal
ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း (၁၀၀) ကျော်မှ ပါဝင်ပြသအလုပ်ခေါ်ယူသွားမည်။
CV ဖောင် များများယူလာခဲ့ဖို့ မမေ့နဲ့နော်
ကျင်းပမည့်နေ့ရက် - ဩဂုတ်လ ၂၂၊ ၂၃၊ ၂၄
ကျင်းပမည့်အချိန် - နံနက် (၉း၀၀ မှ ၅း၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
အသေးစိတ်သိလိုပါက - ၀၁ ၂၃၀၁၈၆၇၊ ၀၉ ၅၀၉၇၁၅၀၊ ၀၉ ၅၁၄၂၃၃၁ များ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပဲခူးတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထက(၃)ကျောင်းတွင် ဩဂုတ် ၁၇ ရက်နံနက် ၈ နာရီက စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့ရာ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၁ ဦး ယှဉ်ပြိုင်ခဲ့ရာ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်နှင့် ဒိုင်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၀၇၅)

ရှမ်းပြည်နယ်အတွင်း တရားရေးဆိုင်ရာများစစ်ဆေး

တောင်ကြီး ဩဂုတ် ၁၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်သည် ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ် တရားရေးဦးစီးမှူးနှင့် တောင်ကြီး ခရိုင်တရားသူကြီး လိုက်ပါလျက် တောင်ကြီးမြို့နယ်တရားရုံး၊ ဟိုပုံးမြို့နယ်တရားရုံး၊ ကလောမြို့နယ် တရားရုံးတို့အား စစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ တောင်လေးလုံး အကျဉ်းထောင်၊ ရပ်စောက်မြို့နယ်ရှိ ထီးခမ်းရဲဘက်စခန်း၊ ဘန်းကန်ရဲဘက်စခန်းများနှင့် ရှမ်းပြည်နယ် တရားလွှတ်တော်ဝင်းအတွင်းရှိ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ တောင်ကြီးခရိုင်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ တရားရေးဝန်ထမ်းများ လိုက်နာဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/ ၂၀၁၄) ဖွင့်

နေပြည်တော် ဩဂုတ် ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလယ်အလတ်အဆင့်အရာရှိများသည် နောင်တွင် ဦးဆောင်မှုကဏ္ဍများ၌ တာဝန်ယူဆောင်ရွက်ကြရမည့်သူများဖြစ်ကြောင်း၊ အရာထမ်းများအနေဖြင့် တာဝန်သိမှု၊ တာဝန်ယူမှုစသည့် အရည်အချင်းများနှင့်အတူ တစ်ဦးချင်း စွမ်းဆောင်ရည်များ ပြည့်ဝစေရေး ကြိုးပမ်းနေရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးမည့် ဘာသာရပ်များကို မိမိတို့၏ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်အတွင်း ပေါင်းစပ်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အလယ်အလတ်အဆင့် အရာရှိများ စီမံခန့်ခွဲရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၄)ဖွင့်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက အမှာစကား ပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သော သင်တန်းသို့ ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာရှိသင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မအူပင် သမဝါယမအသင်းများသို့ စက်ကိရိယာများပံ့ပိုးမည်

မအူပင် ဩဂုတ် ၁၉

မအူပင်မြို့နယ် စိုက်ပျိုးရေး သမဝါယမအသင်းများ အင်အားတောင့်တင်းခိုင်မာရေး စီမံကိန်း မိတ်ဆက်ခြင်းနှင့် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက မအူပင်မြို့နယ် အမှတ်(၅)ရပ်ကွက် မင်းလမ်းနှင့် (၇)လမ်း အိမ်ရာ၌ ကျင်းပရာ အသင်းဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဗဟိုသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တည့်နှင့် ဆွီဒင်နိုင်ငံအခြေစိုက် We Effect (Swedish Cooperative Centre) မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Magnus Persson တို့က မအူပင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ သမားရိုးကျ မိရိုးဖလာ စိုက်ပျိုးသည့် စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရေးအတွက် စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ သွင်းအားစုစက်ကိရိယာများ ပံ့ပိုးပေးခြင်း၊ ပြည်ပပို့ကုန် အရည်အသွေးပြည့်မီစေရန်အတွက် စက်ကိရိယာများ ပံ့ပိုးဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မအူပင်မြို့နယ်အတွင်း သမဝါယမအသင်းပေါင်း ၁၈ ခု၊ အသင်းစု လေးခု စုစုပေါင်း သမဝါယမအသင်းသား ၁၆၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ **(၆၉၁)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆေးဖျန်း

ပျဉ်းမနား ဩဂုတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အာဟာရသုခဈေးကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ဈေးအတွင်းအပြင်တွင် ဖောက်လုပ်ထားသော ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များဖယ်ရှားရှင်းလင်းဆောင်ရွက်ခြင်း၊ ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရန် ရေဆိုးထုတ်မြောင်းများအတွင်းသို့ DAR BIN 20 EC ဆေးဖျန်းဆောင်ရွက်မှုကို ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီက ဈေးတာဝန်ခံဦးမောင်မောင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ကြကြောင်း သိရသည်။ **(ကိုကိုရှူး)**

ဟသ်ာတတက္ကသိုလ် ပညာရေးမိတ်ဆက်ပွဲနှင့် ပညာရေး ရက်သတ္တပတ်လှုပ်ရှားမှုပွဲတော်

မြန်မာနိုင်ငံ၏ ပညာရေးကို နိုင်ငံတော်အစိုးရက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အဆင့်မြှင့်တင်အားပေးနေပါသည်။ ထို့အတူ ပညာရေးဝန်ကြီးဌာနကလည်း ရက်သတ္တပတ်လှုပ်ရှားမှုများ၊ တက္ကသိုလ်မိတ်ဆက်ပွဲများ၊ နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု သုတေသနလုပ်ငန်းများအပြင် စီမံချက်များချမှတ်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအပါအဝင် ပညာရေးဝန်ထမ်းများကိုပါ အရည်အသွေးမြင့်မားစေရန် ဆောင်ရွက်လျက်ရှိပါသည်။

တက္ကသိုလ်အသီးသီးတွင် အားကစားရက်သတ္တပတ်၊ ပညာရေးရက်သတ္တပတ်၊ အနုပညာရက်သတ္တပတ် လှုပ်ရှားမှုများကို ပြုလုပ်နေရာ ဟသ်ာတတက္ကသိုလ်တွင် အားကစားရက်သတ္တပတ်ကို ၂၂-၇-၂၀၁၄ ရက်နေ့မှ ၂၇-၇-၂၀၁၄ ရက်နေ့အထိလည်းကောင်း၊ ပညာရေးရက်သတ္တပတ်ကို ၂၈-၇-၂၀၁၄ ရက်နေ့မှ ၁-၈-၂၀၁၄ ရက်နေ့အထိလည်းကောင်း၊ အနုပညာဆိုင်ရာ ရက်သတ္တပတ်ကို ၄-၈-၂၀၁၄ ရက်နေ့မှ ၁၀-၈-၂၀၁၄ ရက်နေ့အထိလည်းကောင်း ကျင်းပသည်။

အားကစားရက်သတ္တပတ်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်နှင့် ဘော်လီဘောပြိုင်ပွဲများကျင်းပခဲ့ပြီး ဘက်(စ်)ကတ်ဘောသင်တန်းကိုလည်း ဖွင့်လှစ်ပေးကာ ကျောင်းသား ကျောင်းသူများသည် ဟသ်ာတတက္ကသိုလ်အားကစားရုံအသင်းကြီးတွင် ပျော်ရွှင်စွာ လေ့ကျင့်ကစားခဲ့ကြသည်။

ပညာရေးရက်သတ္တပတ်ပွဲတော်ကို ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပခဲ့ပါသည်။ ထိုပွဲတော်သည် ဟသ်ာတတက္ကသိုလ်အတွက်သာမက ဟသ်ာတမြို့နယ်ရှိ အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူများ ဟသ်ာတမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများဖြင့် စည်ကားစွာကျင်းပခဲ့သည်။ ပွဲတော်ဖွင့်သည့်နေ့မှာပင် ဟသ်ာတမြို့မိ မြို့ဖများ၊ ဟသ်ာတတက္ကသိုလ်နည်းပညာကောလိပ်ကျောင်းအုပ်ကြီးနှင့် ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပညာရေးပြပွဲတွင် ဘာသာရပ်ဆိုင်ရာပြခန်း ၁၂ ခုမှ ဘာသာရပ်အလိုက် လက်တွေ့ခန်းသုံးပစ္စည်းများ ဟသ်ာတတက္ကသိုလ်မှ ပေးအပ်သည့် မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာသုတေသန (ဘွဲ့)များအတွက် တင်သွင်းသော ကျမ်းစာအုပ်များနှင့် သုတေသနပစ္စည်းများ၊ တက္ကသိုလ်ဆရာ ဆရာမများ၏ ပါရဂူဘွဲ့ရ ကျမ်းစာအုပ်များ၊ ဘွဲ့လက်မှတ်များ၊ ဘွဲ့ဝတ်စုံများ၊ ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ အားကစား၊ အနုပညာ၊ ပညာရေးလှုပ်ရှားမှု ဓာတ်ပုံများဖြင့် ဘာသာရပ်တစ်ခုချင်းအလိုက် ခင်းကျင်းပြသခဲ့သည်။

ဟသ်ာတတက္ကသိုလ်တွင် ဘာသာရပ် ၁၂ ခုရှိပြီး ၎င်းတို့မှာ သချ်ာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိက၊ သမိုင်း၊ အရှေ့တိုင်းဘာသာရပ်တို့ဖြစ်ပါသည်။ ဟသ်ာတတက္ကသိုလ်တွင် တာဝန်ခံပါမောက္ခ ဒေါက်တာစံလင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းတို့ဦးဆောင်၍ ဝန်ထမ်း ၃၆၃ ဦးနှင့် ဆရာ ဆရာမ ၂၂၃ ဦးရှိပြီး ကျောင်းသား ကျောင်းသူ ၃၁၉၀ တို့ တက်ရောက်လျက်ရှိပါသည်။ နေ့သင်တန်းကျောင်းသားကျောင်းသူများအပြင် အဝေးသင်ကျောင်းသား ကျောင်းသူ ၁၀၉၅၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့များကို ပေးအပ်လျက်ရှိပါသည်။

ပညာရေးပြပွဲတွင် သုတေသနစာတမ်း ၁၃ စောင်ကို ဘာသာရပ်အသီးသီးမှ ဆရာ ဆရာမများက တက်ရောက်ဖတ်ကြားခဲ့ပြီး ဟသ်ာတမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူများသည် အုပ်ထိန်းသူ ဆရာ ဆရာမများလိုက်ပါလျက် ဘာသာရပ်ဆိုင်ရာပြခန်းများကို လာရောက်လေ့လာခဲ့ကြသည်။ ထို့အပြင် ဟသ်ာတတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကာ စာကြည့်တိုက်တို့ကို လေ့လာကြပြီး ဟသ်ာတတက္ကသိုလ်တွင် တည်ထားသည့် "တက္ကသီလာမဟာအောင်မြေ" ဘုရားကိုလည်း ဝင်ရောက်ဖူးမြော်ခဲ့ကြပါသည်။

ဘာသာရပ်ဆိုင်ရာပြခန်းများတွင် အခြေခံပညာအထက်တန်းကျောင်းနှင့် သက်ဆိုင်သည့် လက်တွေ့ပစ္စည်းများကို တက္ကသိုလ်ဆရာ ဆရာမများ၊ မဟာသိပ္ပံကျောင်းသား ကျောင်းသူများက ဦးဆောင်ပြီး ရှင်းလင်းပြသခဲ့ကြသဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားကာ လက်တွေ့ပစ္စည်းများကို ကိုယ်တိုင်ပါဝင်စမ်းသပ်လုပ်ကိုင်ခဲ့ကြပါသည်။ ထို့အပြင် မဟာသိပ္ပံကျောင်းသား ကျောင်းသူများ၏ သုတေသနပစ္စည်းများကို စိတ်ဝင်စားစွာ မေးမြန်းကြည့်ရှုခဲ့ကြသည်။ ပြပွဲရှိပြခန်းများ ကြည့်ရှုအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံများ စုပေါင်းရိုက်ကူးကြသည်။

ရူပဗေဒဘာသာရပ်ပြခန်းမှာ မဟာသိပ္ပံနှင့် မဟာသုတေသနကျောင်းသား ကျောင်းသူများ တည်ဆောက်ထားသည့် (Design and Construction of Hand Clap Switch Circuit) မှာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားပြီး လက်ခုပ်တီးလိုက်လျှင် မီးဖွင့်ခြင်း၊ ပန်ကာဖွင့်ခြင်းများကို အဓိကထားပြုလုပ်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် လူအဝင်၊ အထွက်ကို အချက်ပေးခြင်းနှင့် ရေတွက်ခြင်းပြသည့် ပရောဂျက်မှာလည်း လူတိုင်းစိတ်ဝင်စားကြပါသည်။ ရူပဗေဒဌာနမှ ကထိက ဦးအေးမင်းနှင့် ဦးဇော်လွင်၊ ဒေါက်တာအောင်သူမိုး၊ ဒေါက်တာတင်လေးလွင်နှင့် ဒေါ်ဖြူဖြူလတ်တို့ ဦးဆောင်ကာ ရူပဗေဒ ကျောင်းသား ကျောင်းသူများနှင့်အတူ ပြပွဲပရိသတ်ကို လက်တွေ့ပြသခဲ့ကြပါသည်။

၂၀၁၃ ခုနှစ်တွင် ဟသ်ာတတက္ကသိုလ်မှ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု (ဧရာဝတီတိုင်းဒေသကြီးအဆင့်) ကို ရူပဗေဒဌာန ပါမောက္ခ ဒေါက်တာသန့်စင်နှင့် ဘူမိဗေဒဌာန ကထိက ဦးစောငွေခိုင်တို့က ရရှိခဲ့ပါသည်။ ထိုဆရာနှစ်ဦး၏ ဆုရရှိသော သုတေသနပြုခဲ့သည့် အချက်အလက်ဓာတ်ပုံများကိုလည်း ပြသထားပါသည်။ ထို့အပြင် ပြပွဲကျင်းပရာ အဝင်ဝခန်းမတွင် ဟသ်ာတတက္ကသိုလ်၏ လှုပ်ရှားမှု၊ အားကစား၊ အနုပညာ၊ ပညာရေးပြပွဲများ၏ ဓာတ်ပုံများကိုလည်း ပြသခဲ့ရာ လာရောက်ကြည့်ရှုသည့် ကျောင်းသား ကျောင်းသူများ အားကျဂုဏ်ယူစရာဖြစ်ပါသည်။

ဘူမိဗေဒဘာသာရပ်မှ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်များကို ပြသထားရာ စိတ်ဝင်စား၍ လူကြည့်များခဲ့ပါသည်။ ဓာတုဗေဒဌာနမှလည်း အခြေခံပညာအထက်တန်း ကျောင်းသား

ပါမောက္ခဒေါက်တာသန့်စင်-ရူပဗေဒ

ကျောင်းသူများအား လက်တွေ့ပစ္စည်းများဖြင့် ပြသခဲ့ပါသည်။ ပထဝီဝင်ဌာနမှ မြေပုံဖတ်နည်းပညာလက်တွေ့နှင့် G.P.S စနစ်တို့ကို ပြသထားရာ ကျောင်းသား ကျောင်းသူများအပြင် ပြင်ပမှ လာကြည့်သူများဖြင့် စည်ကားခဲ့ပါသည်။ အင်္ဂလိပ်စာဌာနမှ နာမည်ကြီး အင်္ဂလိပ်စာရေးဆရာကြီးများ၏ ဓာတ်ပုံများအပြင် လက်တွေ့အင်္ဂလိပ်စကားပြောဗီဒီယိုသင်ခန်းစာများကိုဖွင့်ကာ ပြသခဲ့သဖြင့် အင်္ဂလိပ်စာလေ့လာလိုက်စားသူများအတွက် များစွာအထောက်အကူပြုခဲ့ပါသည်။

ပြပွဲဒုတိယနေ့တွင် အမျိုးသားစာပေ ပထမဆု နှစ်ဆုရစာရေးဆရာ ဘိုးလှိုင်(ပါမောက္ခဒေါက်တာတင်လှိုင်)က "ရှေးတက္ကသိုလ်၊ ခေတ်တက္ကသိုလ်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများဖြင့် ခန်းလုံးအပြည့် တက်ရောက်နားထောင်ကာ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ပညာရေးရက်သတ္တပတ် လှုပ်ရှားမှုအတွင်း ဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ၊ ဟသ်ာတမြို့ပေါ်ရှိ ဌာနအသီးသီးနှင့် မြို့မိမြို့ဖများပါ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ဟသ်ာတတက္ကသိုလ် ပညာရေးပြပွဲကြီးမှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဟသ်ာတတက္ကသိုလ်၏ အနုပညာဆိုင်ရာ ရက်သတ္တပတ်အဖြစ် ဘာသာရပ်ဆိုင်ရာအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အကများ၊ တိုင်းရင်းသား ရိုးရာအကများ၊ သီချင်းဆိုပြိုင်ပွဲများ၊ အကသင်တန်းများဖြင့် စည်ကားစွာ ကျင်းပခဲ့ပါသည်။

ထိုကဲ့သို့ လှုပ်ရှားမှုများ ပြုလုပ်နေစဉ်မှာပင် တက္ကသိုလ်စာပေသင်ကြားရေးကိုလည်း သတ်မှတ်ထားသည့် သင်ရိုးများအတိုင်း သင်ကြားပေးလျက်ရှိကာ သုတေသနလုပ်ငန်းများကို ဆက်လက်လှုပ်ရှားခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးသည် ဘက်စုံလှုပ်ရှားသော ပညာရေးစနစ်ဖြင့် အရှိန်အဟုန်မြင့်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနသာမက သက်ဆိုင်ရာ ပြင်ပအဖွဲ့အစည်းများကပါ ပူးပေါင်းပြီး ပညာရေးကို အဆင့်မြင့်ဆောင်ရွက်နေသဖြင့် မြန်မာနိုင်ငံပညာရေးသည် ခေတ်မီအဆင့်မြင့်ပညာရေးပန်းတိုင်ဆီသို့ ဦးတည်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ထန်းတပင် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တလိုင်မှီကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းနှင့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီးက ပညာရေးနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးတင်ပြကြောင်း သိရသည်။

မောင်သာဖြန်း(ထန်းတပင်)

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များ ဈေးကောင်း
ပေးဝယ်သည်၊အိမ်အရောက်ငွေပေးချေသည်။
09-431240097

ကြယ်ကိုးစင်း အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
(အဘထွက်ပွဲ) ပုဂံ/ပုပ္ပား (၃ည/ ၄ရက်)Sep 9 (98,000 Ks)
(ဖောင်တော်ဦးဘုရားပွဲ)တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (၄ ည/ ၅ရက်) Sep 26 / Oct 7 (125,000 Ks)
3 Star Hotel၊ Scania Car ၊ဘူဖေး၊ စရိတ်ငြိမ်း(တောင်တက်ကား၊ စက်လှေခ)
Ph : 09 32036969 , 09 5033743 , 09 5158879

အမြန်ရောင်းမည်
အလုံလမ်းနှင့် ဌာနာလမ်းထောင့်
ပေ(၁၃½×၆၀)၊ ၄လွှာ၊
ခေါင်းရင်းခန်း
ဖုန်း-၀၉-၅၀၉၆၉၇၇၊
၀၉-၄၂၁၀၅၃၄၄၈

ပျောက်ဆုံးကြောင်း ကြေညာခြင်း
EVA Company Limited ပိုင် ယာဉ်အမှတ်၄ခ/၁၀၁၆ တိုယိုတာဆယ်လ် စီယာ UCF21 ၏ ဗွီးတက်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။
ဖုန်း-၀၁-၆၈၅၀၁၅၊ ၀၁-၆၈၅၆၁၄

ဒေါ်သီတာဦး (သင်တန်းကျောင်း)
LCCI I,II (3 လပြတ်တန်းခွဲသစ် - Special class)
Thur - Fri 1:30 - 4:30 pm
* Aug -22 စမည်။ (15 ယောက်ဝိုင်း)
Excel for Accountant
Sat - Sun 6 - 8 pm (2 Month)
ကျောင်းအပ် လက်ခံပြီ
No.(68),5A၊ ခရိုင်ငြိမ်မှတ်တိုင်၊ Ph - 0973059553, 095178297

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၄-စက်တင်ဘာလ (၃)ရက်နေ့ ဖွင့်မည်
အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ်၄၉(ခ)၊ သာစည်လမ်း၊ ၁၀ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၇၂၁၁၄၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၄၄၀၂၆၂၃၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်(၆၇)၊ မြေကွက်တည်နေရာအမှတ်(၆၇)၊ နွယ်သာကီလမ်း (ဦးဆန်လင်မန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးခိုင် [၁၀/မလမ (နိုင်)၁၃၈၂၁၁]က နှစ်(၆၀) မြေငှားစာချုပ် လျှောက်ထားလာရာ ပါမစ်တွင် မှီခိုသူစာရင်း မတင်ပြနိုင်၍တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၆၅၉)၊ မြေကွက်တည်နေရာအမှတ်(၆၅၉)၊ (၁၃၅) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးတင်ရီ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ရီထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ကျော်လွင် [၁၂/ဥကတ(နိုင်)၀၈၈၈၃၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကိုန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/စီ၊ မြေကွက်အမှတ်(၄/ဆ?)၊ မြေကွက်တည်နေရာအမှတ်(၁၉၇၂)၊ နိဗ္ဗာန်လမ်း၊ တောင်သူကုန်း၊ အင်းစိန်၊ နော်အုန်းတင် အမည်ပေါက် မြေပိုင်မြေ(လ/န၃၉ရပြီး)မြေအား အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၉၈/၂၀၁၃ဖြင့် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ (၁၅-၁၀-၂၀၁၃)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ်(၄၅/၂၀၁၃)၏ ၁၃-၁၁-၂၀၁၃ရက်စွဲပါ ဘီလစ်ခန့်အပ်သည့် အမိန့်နှင့် (၆-၁၁-၂၀၁၃)ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ဒေါ်အုန်းသွင် (ဘီလစ်) [၁၂/အစန(နိုင်)၀၀၄ ၀၈၀]က တရားရုံးကိုယ်စား တရားနိုင် ဒေါက်တာနော်ဘေဘီသန်းအား အရောင်းစာချုပ်ပေးရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်
၆၀'×၈၀'၊ RC(၂)ထပ်, FMI အရှေ့လှည့်၊ ထောင့်အိမ်၊
ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်နေ
ဂိတ်ဝနီး- City Mart နီး၊ ရေကူးကန်နီး။
ဖုန်း-၀၉-၂၅၄၁၄၂၁၅၇

မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနား ကျင်းပ

မိတ္ထီလာ၊ ဩဂုတ် ၁၉

မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ က အဖွင့် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဖြစ်ပေါ်လာသည့် အကြောင်းနှင့် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ စတင်ကျင်းပသည့်အကြောင်းတို့ကို မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူငယ်ကွန်ရက်အဖွဲ့ဝင် လူငယ်လေးများက တေးသရုပ်ဖော် အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့သည်။

မိတ္ထီလာအပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို မြို့နယ်အတွင်းရှိ လူထုအကျိုးပြုလူငယ်ကွန်ယက်အဖွဲ့ဝင် အသင်းအဖွဲ့များက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် အသင်းအဖွဲ့များ၏ မြို့နယ်အတွင်း လူထုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် လူငယ်များ၏ တိုင်းပြည်အကျိုးပြု စိတ်ကူးပုံဖော်အနုပညာများကို ခင်းကျင်းပြသရာ လူငယ်အများစု စိတ်ဝင်တစား ကြည့်ရှုအားပေးကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ညောင်ဦး(ပုဂံ)ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ ပလတ်စတစ်ကင်းစင်ရေး ဆောင်ရွက်

ညောင်ဦး၊ ဩဂုတ် ၁၉

ညောင်ဦး (ပုဂံ)ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသအား ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဒေသတွင်းပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လည်ပတ်မှုများပြားသည့် ဘုရားစေတီပုထိုးများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်ပတ်ဝန်းကျင်နေရာများသို့ အဖွဲ့များခွဲ၍ စွန့်ပစ်အမှိုက်နှင့် ပလတ်စတစ်များ ကောက်ယူရှင်းလင်းသိမ်းဆည်းခြင်းများကို အပတ်စဉ် စနေသို့မဟုတ် တနင်္ဂနွေနေ့များတွင် ဆောင်ရွက်လျက်ရှိရာ ယခုတစ်ပတ်တွင်လည်း ဩဂုတ် ၁၇ ရက် တနင်္ဂနွေနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းတို့က ဦးဆောင်၍ ထွေ/အုပ်ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများပူးပေါင်း၍ ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ သဗ္ဗညု၊ ဗူးဘုရား၊ မနူဟာဘုရားများ၏ ပတ်ဝန်းကျင်များ၊ ရှေးဟောင်းသုတေသနပြတိုက် ရှေ့မျက်နှာစာ စသည့်ခရီးသွားဧည့်သည်များ အများဆုံးလည်ပတ်သည့် နေရာများ၊ သဘော်နှင့် ဇက်ဆိပ်ကမ်းများ၊ မဏိစည်သူဈေးပတ်ဝန်းကျင်များ၊ ဘုရားနီအဝိုင်း၊ အနော်ရထာလမ်းမကြီး၏ လမ်းဘေးဝဲယာများတွင် အဖွဲ့များခွဲကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့တစ်ဖွဲ့ချင်းစီမှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ပလတ်စတစ်အမှိုက်များနှင့်ပတ်သက်၍ စနစ်တကျစွန့်ပစ်ရေးအတွက် အသိပညာပေး နှိုးဆော်ခြင်း၊ ပြည်တွင်း ဘုရားဖူးလာမော်တော်ကားများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြို့တွင်းခရီးသွားဝန်ဆောင်မှု မော်တော်ကားများတွင်လည်း ပလတ်စတစ်ကင်းစင်ရေးအတွက် နှိုးဆော်အသိပေးသည့် ကပ်ခွာစတစ်ကာများကို တစ်စီးချင်းလိုက်လံ၍ ကပ်ခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲကျင်းပ

ဆီဆိုင်၊ ဩဂုတ် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ပင်စုံကျေးရွာအုပ်စု၊ နန်းဩကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ကြွယ်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဌေးက ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများ၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူများ ဥပဒေကိုလေးစားလိုက်နာရန်အတွက် ဥပဒေအကြောင်းအရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များအား အကျယ်တဝင့်ဟောပြောခဲ့ကြောင်းသိရသည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဟောပြောပွဲတွင် ပင်စုံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၆ ရွာမှပြည်သူများ၊ ရပ်မိရပ်ဖများအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ဆိုင်ရာ ပရဟိတကွန်ရက် ဖွဲ့စည်း

ချောင်းဦး၊ ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ ကျေးရွာပေါင်း ၈၉ ရွာမှ လူမှုကူညီရေးအသင်းအဖွဲ့ပေါင်း ၄၈ ဖွဲ့တို့စုစည်း၍ ဓမ္မိကာရာမကျောင်းတိုက်၌ တစ်မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ချောင်းဦးမြို့ ဓမ္မိကာရာမ ဆရာတော်ဦးအာသဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းနှင့် မြို့ပေါ်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ ကျေးရွာပေါင်း ၈၉ ရွာမှ ဖိတ်ကြားထားသည့် လူမှုကူညီရေးအသင်းသား ၁၂၅ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ဓမ္မိကာရာမ ဆရာတော်ဦးအာသဖက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် လူမှုကူညီရေးအသင်းများမှ တစ်မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်ပြီး တစ်မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်ဥက္ကဋ္ဌ ဦးမျိုးက မြို့နယ်အတွင်းရှိ လူမှုရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် အသင်းအဖွဲ့များရှိ အဖွဲ့ဝင်အင်အား၊ ငွေကြေးလူနာတင်ယာဉ်များ၏ စုစည်းမှုဖြင့် အားနည်းသောကျေးရွာများကို ဖြည့်ဆည်းကူညီရန်၊ အသင်းအဖွဲ့အချင်းချင်း ရင်းနှီးချစ်ကြည်မှုရရှိနိုင်ရန် စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် လူမှုကူညီရေးအသင်းအဖွဲ့များမှ သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

တစ်မြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်အဖွဲ့ကို အသင်းသား ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ အတွင်းရေးမှူးနှစ်ဦး အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်း မော်ကျွန်းတွင် ဖွင့်

မော်လမြိုင်ကျွန်း၊ ဩဂုတ် ၁၉

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပရာ ရပ်ကွက်၊ကျေးရွာအုပ်စု၊ ၁၂၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအကြိမ် အရှိန်မြှင့်တင်မှု (Third wave) လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးပြီး သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းတွင် ဌာနဆိုင်ရာ တာဝန်ခံနည်းပြများက သင်ကြားပို့ချပေးကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်နေ့အထိ ဖြစ်ကြောင်းသိရသည်။

မော်ကျွန်းမြင့်အောင်

မိုးမြင့်မောင်
ဖွေဖွေရှာရှာ ပြည်မြန်မာ
သာမန် ဗဟုသုတစာအုပ် မဟုတ်။ လူသိနည်းသော မြန်မာ့ဗဟုသုတ အချက်အလက်ပေါင်း (၄၅၀)ကျော်ကို ထူးခြားသော ဓာတ်ပုံများစွာဖြင့် စုစည်းတင်ပြထားသော စာအုပ်ဖြစ်သည်။
ထွက်ပြီ
ထိပ်တန်းစာပေ ဖုန်း – 09 42 1000 784, 09 730 80 234

ဝိုင်းယုယ အဆင့်မြင့်မူကြို
- ၂ နှစ်မှ ၅ နှစ်
- အင်္ဂလိပ်၊ မြန်မာစာ၊ သင်္ချာ၊ သိပ္ပံ
- အခြေခံအင်္ဂလိပ်စကားပြော
- အခြေခံအင်္ဂလိပ်အခေါ်အဝေါ်များ
- သီချင်း၊ ကစားနည်းမျိုးစုံ
- ယဉ်ကျေးလိမ္မာစွာ နေထိုင်နည်း
- လုံခြုံစိတ်ချသန့်ရှင်းမှုကို အဓိကဖန်တီးထားသော သင်ယူမှုဝန်းကျင်
- သင်ကြားမှုအထောက်အကူပြု ပစ္စည်းများစွာဖြင့် သင်ကြားခြင်း
၁-၉-၂၀၁၄ရက်တွင် ပြန်လည်ဖွင့်လှစ်ပါမည်။
အမှတ် ၂၇၃၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ အောင်မင်္ဂလာမှတ်တိုင်ရှေ့၊ တာမွေမြို့နယ်၊
ဖုန်း ၀၉-၇၃၀၁၁၀၉၁

GLO Ice Cream & Greek Yoghurt
လုံးဝ ချောင်းမဆိုးတဲ့ ရေခဲမုန့် နှင့် မြန်မာပြည်ရဲ့ ပထမဆုံး ဂရိဒိန်မလိုင်
ဂလို ရေခဲမုန့်များနှင့် ဂရိဒိန်မလိုင် တို့ကို ဝယ်ယူရရှိနိုင်သောဆိုင်များမှာ
*Victoria ဆိုင်များ၊ *လင်းလွန်းစတိုး(သုခမ္မာလမ်း၊ ကျောက်မြောင်း) *မိသားစုစူပါမားကတ်(သင်္ဃန်းကျွန်း)
*စိန်ပန်းမြိုင်စတိုး(ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း) *ဆန်းသော်တာစတိုး (ယောမင်းကြီးလမ်း၊ ဒဂုံ)
တို့တွင် ဝယ်ယူရရှိနိုင်ပါပြီ။
အမှတ် ၉၁၊ သီရိလမ်း၊ ၂ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း 09 5087 624 / 09 3102 0868
eMail: gloicecream@gmail.com / www.facebook.com/glo.food

မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်းနှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၃၇)ရပ်ကွက်၊ မြေကွက်အမှတ် (၁၄၉)၊ ပေ (၄၀×၆၀) မြေကွက်သည် ဒေါ်အေးအေးသန်း [၁၂/ဥကတ(နိုင်)၀၈၆၆၄၆] အမည်ဖြင့် မြေချပါမစ်ရရှိခဲ့ပါသည်။ ယခုအခါ ၎င်းမြေကွက်၏ မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးနေပြီး အသစ်ရရှိရန် ပြန်လည်လျှောက်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းမြေချပါမစ်မူရင်း ပျောက်ဆုံးနေကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းမြေကွက် ပိုင်ဆိုင်မှုအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မ၏ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ညွှန့်စီ [၁၄/ပစလ(နိုင်)၀၁၀၆၀၂]
အမှတ်(၃၀၄)၊ ဒုတိယထပ်(ညာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်

ဩဂုတ်နစ် မြေဆွေး အကောင်းစား
ရောင်းရန် ရှိသည်။
ဝမ်းပုံကား ၁ စီးစာ (၅၀ ကီလို ၁၅၀ အိတ်နှင့် ညီမျှသည်)
ရန်ကုန်မြို့နှင့် အနီးတဝိုက် အရောက်ပို့ဈေး
၆၃၀,၀၀၀/- ကျပ်
လက်လီ ၁ အိတ်ဈေး ၄၂၀၀/- ကျပ်
၀၉ ၄၅၀၀ ၅၉ ၃၀၂ ~ ၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ မြေတိုင်းကွင်းအမှတ် နှင့် ကွင်းအမည် ၂/ရွှေယောက်ရပ်၊ မြို့မရပ်ကွက်၊ မြေကွက်အမှတ် (၃၈)၊ ဦးပိုင်အမှတ် (၁၉)၊ ၀. ၂၂၉ ဧက၊ ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်သွပ်မိုး အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်မေခင် အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်.
လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေဝင်းစိုး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၃၂၉၉/၁၂)
အမှတ် (၁၆၂)၊ မဟာဗန္ဓုလလမ်း၊ မင်းစုရပ်၊ လွိုင်ကော်မြို့
ဖုန်း-၀၉၄၄၉၀၀၂၆၂၂၊ ၀၉၄၉၄၀၃၁၇၁

သက်တမ်း ၁၀၀ နီးပါးရှိ လမ်းကြိတ်စက်ကြီးပေါ်တွင် စာတန်းများရေးထိုးခြင်းက မူလတန်ဖိုးကိုပျက်စီးစေ

မကွေး၊ ဩဂုတ် ၁၉

မကွေးမြို့၊ လွတ်လပ်ရေးပန်းခြံတွင် နှစ်ပေါင်း ၁၀၀ နီးပါးသက်တမ်းရှိပြီဖြစ်သော ရေနွေးငွေ့သုံး လမ်းကြိတ်စက်ကြီးကို ဒေသဖွံ့ဖြိုးရေးသမိုင်းဝင်ပစ္စည်းအနေဖြင့် စည်ပင်သာယာရေး ဦးစီးဌာနမှ အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းပြသထားရာ လမ်းကြိတ်စက်ကြီးပေါ်တွင် မင်ဖျက်ဆေးရည်များဖြင့် လူငယ်လူရွယ်များက ချစ်သူရည်စား အမှတ်တရစာတန်းနှင့် သင်္ကေတများရေးထိုးနေကြကြောင်း သိရသည်။

“ရှေးဟောင်းပစ္စည်းတစ်ခုပေါ်မှာ အခုလို စည်းကမ်းမဲ့အမှတ်တရစာတန်းတွေ ရေးထိုးထားခြင်းဟာ ရှေးဟောင်းပစ္စည်းရဲ့ ခန့်ညားထည်ဝါမှုကိုပျက်စီးစေတဲ့အပြင် ရှေးဟောင်းပစ္စည်းစံနှုန်းကိုလည်း လျော့ပါးစေတယ်။ ရှေးဟောင်းလက်ရာ မူလအတိုင်း အရောင်အသွေး အနေအထား မပျက် ထိန်းသိမ်းထားရင်တော့ ပိုကောင်းတာပေါ့” ဟု ရှေးဟောင်းပစ္စည်း ချစ်မြတ်နိုးသူတစ်ဦးက ပြောသည်။

ယင်းရေနွေးငွေ့သုံး လမ်းကြိတ်စက်ကြီးသည် ၁၉၂၇ ခုနှစ်တွင် ထုတ်လုပ်ထားသော လမ်းကြိတ်စက်ကြီးဖြစ်ပြီး သံမဏိအမျိုးအစားဖြင့် ပြုလုပ်သော သံဘီးဝိုင်းကြီးများတွင် တစ်ဖက်လျှင် ဘရောင်း ၁၄ ခုစီ စုစုပေါင်း ဘရောင်း ၂၈ ခုပါရှိသည်။မကွေးတိုင်းဒေသကြီး၏ ဒေသတွင်းဖွံ့ဖြိုးရေးအဓိကလမ်းမကြီးများဖြစ်ကြသော မင်းလှ၊ ငဖဲလမ်းများဖောက်လုပ်ရာတွင် ယင်းလမ်းကြိတ်စက်ကြီးကို အသုံးပြုခဲ့ကြောင်း သိရသည်။

ရေနွေးငွေ့သုံး လမ်းကြိတ်စက်ကြီးကို ရှေးဟောင်းပစ္စည်းချစ်မြတ်နိုးသူကြသည့် ဒေသခံများအပြင် ပြည်တွင်းပြည်ပ ခရီးသွားများကလည်း စိတ်ဝင်တစားလေ့လာ၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်လေ့ရှိကြသည်။

ကျော်စွာ(မကွေး)

အာဟာရပြည့် သရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲ ကျင်းပ

မြင်းခြံ၊ ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော တန်ဖိုးနည်းအာဟာရပြည့် သရုပ်ပြချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက အဖွဲ့ရုံးရှေ့တွင် ကျင်းပခဲ့သည်။ တန်ဖိုးနည်း အာဟာရပြည့်သရုပ်ပြချက်ပြုတ်ပြိုင်ပွဲတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါ်သဥ္ဇာအေးမှ အမှတ်ပေးစည်းမျဉ်းများအကြောင်းကိုလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက ယခုသရုပ်ပြချက်ပြုတ်ပြိုင်ပွဲတွင် ငွေ ၂၀၀၀ ကျပ်ဖြင့် မိသားစုငါးဦးစားသောက်ရန် အာဟာရပြည့်ဝသော အစားအစာများကို ချက်ပြုတ်သွားရန် စသည်ဖြင့် ပြောကြားခဲ့သည်။ ပြိုင်ပွဲသို့ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လေးဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ တန်ဖိုးနည်းအာဟာရပြည့်သရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲအပြီးတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇင်သန်းထွန်းနှင့်အဖွဲ့တို့မှ အကဲဖြတ်အမှတ်ပေးကြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းမှ ပထမဆုရ မြင်းခြံ၊ ဒုတိယဆုရ ငါန်းဇွန်၊ တတိယဆုရ နွားထိုးကြီး၊ နှစ်သိမ့်ဆုရ တောင်သာမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

တရုတ်ဆီးသီးရောင်းချသူမိသားစုများ အပိုဝင်ငွေရရှိ

စစ်ကိုင်း၊ ဩဂုတ် ၁၉

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးသွား ကားလမ်းမကြီး ဝဲယာနေရာများနှင့် မြို့အထွက် စစ်ကိုင်း-မုံရွာသွား လမ်းဘေးဝဲယာနေရာများတွင် တရုတ်ဆီးသီးများ တွင်ကျယ်စွာရောင်းချနေပြီး ရောင်းချသူများ အဆင်ပြေ၍ မိသားစုစားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူရနေကြောင်း သိရသည်။

“အရင်ရက်ပိုင်းတုန်းက စစ်ကိုင်းဘက်ကထွက်တဲ့အသီးတွေကို ရောင်းချနေတာပါ။ လပြည့်နေ့ရက်ပိုင်းဝန်းကျင်မှာ စစ်ကိုင်းသီးတွေက ကုန်သွားပြီ။ အခုတော့ မန္တလေးဘက်ကနေ ကားကြီး၊ ကားငယ် ခြင်းတွေနဲ့ထည့်ပြီး စစ်ကိုင်းမြို့မှာလာရောက် ရောင်းချပေးနေပါတယ်။ ကျွန်မတို့ ၂ ရက် ၃ ရက်စာ လောက်ဝယ်ရောင်းလုပ်နေပါတယ်’ဟု သစ်သီးရောင်းချနေသူ ဈေးသည်တစ်ဦးက ပြောသည်။

ဇော်မြင့်နိုင်

ဘုရားဖူးရာသီမဟုတ်သေးသော်လည်း မင်းဘူးနဂါးပွက်တောင်တော်သို့ လာရောက်သူ များပြား

မကွေး၊ ဩဂုတ် ၁၉

မန်းရွှေစက်တော် ဘုရားဖူးရာသီချိန်မဟုတ်သေးသော်လည်း မင်းဘူးမြို့ စက္ကိန်းတဲစေတီတော်နှင့် နာမည်ကျော် မင်းဘူးနဂါးပွက်တောင်တော်၌ ဘုရားဖူးများနှင့် လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရွှံ့မီးတောင်တစ်ဖြစ်လဲ နဂါးပွက်တောင်ကို ဒေသခံများက မောင်တော်၊ နှမတော် နဂါးမောင်နှမစောင့်ရှောက်သည်ဟု ယုံကြည်ကြပြီး နဂါးပွက်တောင်တော်စောင်းတန်းတစ်လျှောက်တွင် နှင်းဆီပန်း၊ သပြေခက်၊ အုန်းရည်၊ နွားနို့တို့ဖြင့်စီရင်ပြီး ဖန်ခွက်ထဲထည့်ထားသော နဂါးစာပွဲတော်ရောင်းချသူများ၊ နဂါးစာကျွေး၍ အငှားဆုတောင်းပြုသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ရန် ကင်မရာလည်ပင်းဆွဲထားသောဓာတ်ပုံဆရာများကို စည်ကားနေသော ဘုရားဖူးများကြားတွင် မြင်တွေ့ရမည်ဖြစ်သည်။

ဒေသခံများ၏ယုံကြည်မှုအရ နဂါးပွက်တောင်တော်သည် မန်းရွှေစက်တော်ဘုရားနှင့် သမိုင်းချင်းဆက်နွှယ်နေသော တောင်တော်ဖြစ်သည်။ မဟာသက္ကရာဇ် ၁၂၃ ဝါဆိုလပြည့် ၈ ရက်တွင် မြတ်စွာဘုရားရှင်သည် မဟာပုဏ္ဏမထေရ် ပင့်လျှောက်တော်မူသဖြင့် သုနာပရန္တတိုင်း (ယခု လယ်ကိုင်း) ရှိ စန္ဒကူးနံ့သာကျောင်းတော်တွင် သီတင်းသုံးပြီး သာဝတ္ထိပြည်သို့ ပြန်လည်ကြွချီတော်မူခဲ့ပြီး လမ်းခုလတ်တွင် မန်းရွှေစက်တော် နမ္မဒါမြစ် (မန်းချောင်း) မှ နမ္မဒါနဂါးမင်းကြီးက တောင်းပန်သဖြင့် ဘယ်ဘက်ခြေတော်ရာကို ကိုယ်စားဖူးမြော်ရန် ချထားတော်မူခဲ့သည်။

ထို့နောက် မင်းဘူးမြို့ ကေလာသတောင် (စက္ကိန္တတောင်) အရောက်တွင် တစ်ညတာကျိန်းစက်တော်မူခဲ့သည်။ ထိုအချိန်တွင် နမ္မဒါနဂါးမင်း၏သမီးတော် သုစိတာနှင့် သားတော် မောင်နန္ဒတို့သည် တောတောင်ထဲ၌ ပျော်ပါးပြီးအပြန် ခြေတော်ရာကိုသာမြင်တွေ့ရပြီး ဘုရားရှင်ကိုဖူးတွေ့လိုသဖြင့် ကေလာသတောင်သို့လိုက်လာခဲ့ရာ လမ်းခရီး၌ တောတောင်ရေမြေထူထပ်သဖြင့် မျက်စိလည်လမ်းမှားကာ ဂဠုန်ငှက်မင်းနှင့်တွေ့၍ သေပွဲဝင်ခဲ့ရရှာသည်။

နောင်အခါ သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီး ဘုရားလာဖူးသောအခါ နဂါးမောင်နှမက နေရာထိုင်ခင်း အပိုင်တောင်းသဖြင့် နဂါးပွက်တောင်တော်မြတ်အား ပေးသနား၍ ပြည်သူများအားစောင့်ရှောက်စေခဲ့ကြောင်းဒေသခံများက ယုံကြည်ထားကြသည်။

နဂါးပွက်တောင်တွင် မောင်တော်၊ နှမတော်ဟူ၍ တောင်မကြီးနှစ်လုံးကို အဓိကတွေ့ရသည့်အပြင် တပွက်ပွက်စီထနေသော ရွှံ့ချော်ရည်တွင်းငယ်များကိုလည်း နေရာအနှံ့မြင်တွေ့နေရသည်။

ယခုအခါ နဂါးပွက်တောင်တော်တစ်ဝိုက်တွင် ဘုရားဖူးများတဖွဲဖွဲကျရောက်လျက်ရှိပြီး နာမည်ကျော်လယ်ကိုင်းမရွှေး အရောင်းဆိုင်များ၊ ဒေသထွက်ကုန် ပဲယို၊ နှမ်းယို၊ ပဲလိပ်နှင့် စားသောက်ဆိုင်တန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များဖြင့် ရောင်းပန်းလှ၍ ဝယ်ပန်းသာလျက်ရှိကာ ဒေသခံများအတွက် နေ့စဉ်ဝင်ငွေတိုး၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဖူးပွင့်နေခြည်(မကွေး)

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
- **Ph:01-292129, 09-250388594, 09-428016552,**
- **E-mail:kyonedoe@gmail.com**

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လို ပါသလား? SEVEN စံနဲ့ ဆက်သွယ် လိုက်ပါ။

အိမ်အရောက် ငွေပေးချေသည်။ (ပွဲခလုံးဝမယူပါ။)

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 250644566
09 255781353

အမြန်ရောင်းမည်

လ/န(၃၉)ကျပြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ (၄)မြောင်း (၅)မြောင်းအနီးရှိ မြေဧက(၄၅)ဧက ရောင်းမည်။ (ဈေးနှုန်းညှိနှိုင်း)

အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၈၆၂၁၃၅၆၊ ၀၉-၇၃၁၉၂၂၈၁

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ

ဖျံ-၅-ကောင် (အမှတ်တံဆိပ်) **သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(ဆနယ်ဇင်း)၀၁၂/၀၂၁၄

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။

အမှတ်-၁၂၄၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၀၁ ၃၉၂၅၉၄၊ ၀၉ ၄၂၁၀၀ ၇၈၆၉။

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း

မြေကွက်များ အထူး
ဈေးကောင်းပေးဝယ်သည်
09 - 73005053
09 - 5122010

AUTRON နားကြားကိရိယာ

- နောက်ဆုံးပေါ် Digital အိတ်ဆောင်နားကြားကိရိယာများ
- Computer program သုံး နားကြားကိရိယာအမျိုးမျိုး
- လူမမြင်နိုင်သော နားအတွင်းထည့် နားကြားကိရိယာ အမျိုးမျိုး
- နားလေးမှု အန္တရာယ်ကာကွယ်ရန် Earplug အမျိုးမျိုး
- နားကြားကိရိယာသုံး အပိုပစ္စည်း နှင့် Battery အမျိုးမျိုး
- Audiometer နှင့် Otoscope အမျိုးမျိုး ရရှိနိုင်ပါသည်။
- (Home-service) ဆိုင်သို့မလာနိုင်သော သက်ကြီးရွယ်အို များကို အိမ်သို့လိုက်လံစမ်းသပ်တပ်ဆင်ပေးပါသည်။

နားအကြားနှုန်းကို သေချာစွာစမ်းသပ်စစ်ဆေးပြီးမှ နားကြားကိရိယာကို ဝယ်ယူတပ်ဆင်သင့်ပါသည်။

အမှတ် ၃၇၇၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်။
စုံစမ်းရန်- ၀၁-၂၄၃၆၄၄၊ ၀၁-၃၈၅၂၄၅။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲများ လစဉ်ကျင်းပ

မိုင်းဆတ်၊ ဩဂုတ် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများစာပေလေ့လာဖတ်ရှုပြီး စာပေအသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့်အလေ့အထများ ရရှိစေရန် ရည်ရွယ်၍ ကျေးရွာများသို့ ကွင်းဆင်းပြီး ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက ကုန်းကုလားကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးသန်းဇော်ဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူးနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး 'စာကြည့်တိုက်တံခါးများဖွင့်ထားပါသည်' ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ထို့နောက် ပထမဆုရ မောင်မာတိယကို ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးကလည်းကောင်း၊ ဒုတိယဆုရ မသဇင်နွယ်ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဟာဂျီးရှိကလည်းကောင်း၊ တတိယဆုရ မသီရိနန္ဒာကို စာကြည့်တိုက်ကော်မတီဝင် ဦးကျလူးကလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ပညာ့အလင်းစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းသည့် သုတ/ရသစာအုပ်များနှင့် အလှူရှင်များပေးအပ်လှူဒါန်းသည့် စာအုပ်စာစောင်များအား တာဝန်ရှိသူတို့ကပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဟာဂျီးရှိ၊ အတွင်းရေးမှူး ဒေါ်အေးအေးအောင်နှင့် စာကြည့်တိုက်မှူး ဒေါ်ကော်ရတီတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

သန်းဇော်(ပြန်/ဆက်)

အမြင့်စံပြကျေးရွာရှိ ရတနာမင်းအိုချမ်းသာဘုရား အရန်စေတီတော်လေးဆူ ထီးတော်တင်လှူ

ချောင်းဦး၊ ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ဩဂုတ် ၁၅ ရက်နံနက်ပိုင်းက မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်စံပြကျေးရွာရှိ ရတနာမင်းအိုချမ်းသာဘုရား အရန်စေတီတော်လေးဆူအား စိန်ဖူးနှင့်ရွှေထီးတော်တင်လှူပွဲသို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တော်များ ချီးမြှင့်ကာ စိန်ဖူးတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသာအေးဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများသည် စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို ပင့်ဆောင်ကာ ရတနာမင်းအို ချမ်းသာဘုရားအား လက်ယာရစ်ပူဇော်ပြီး စိန်ဖူးတော်၊ ရွှေထီးတော်တို့အား လက်ဆင့်ကမ်းသယ်ဆောင်ကာ အရန်စေတီလေးဆူအား တင်လှူပူဇော်ပြီး ရွှေမိုး၊ ငွေမိုးများ ရွာသွန်းကာ ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင်လှူပြီးနောက် ပင့်သံဃာဆရာတော် ၂၇ ပါးအား ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

အိအိစိုး(ချောင်းဦး)

ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းအတွက် ကျပ်သိန်း ၂၀ ထောက်ပံ့လှူဒါန်း

မော်လမြိုင်ကျွန်း၊ ဩဂုတ် ၁၉

မော်လမြိုင်ကျွန်းမြို့နယ်၊ တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး (အလယ်တန်း) ကျောင်းအတွက် ရန်ကုန်-ပုစွန်တောင်မြို့နယ်၊ အမှတ် (၁၃၈/၁၄၀) ပထမထပ် (ဝဲ) ၄၉လမ်း (အထက်) ဝမ်းမိုးစေတနာရှင်အဖွဲ့မှ ငွေကျပ်သိန်း ၂၀ ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက တယ်ချောင်းကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် တယ်ချောင်းကျေးရွာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရက ပညာဒါနထောက်ပံ့လှူဒါန်းရခြင်း၏ အကျိုးများကို ဩဝါဒချီးမြှင့်တော်မူခဲ့သည်။

ထို့နောက် ထောက်ပံ့လှူဒါန်းပွဲတွင် ရန်ကုန်မြို့၊ ဝမ်းမိုးစေတနာရှင်များအဖွဲ့ကိုယ်စား မော်လမြိုင်ကျွန်းမြို့ ဇီဝိန္ဒြေအောက်ဆီဂျင် အခမဲ့လှူဒါန်းရေးအဖွဲ့ တာဝန်ခံ ဦးမြင့်ဝေက ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၂၀ အား ပေးအပ်လှူဒါန်းရာ တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း နာယကအဖွဲ့ဝင် ဦးလှစိန်နှင့် ဦးမြင့်စိန်တို့က လက်ခံရယူကြသည်။

အဆိုပါ တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား ၁၉၈ ဦးပညာသင်ကြားလျက်ရှိရာ တိုးချဲ့စာသင်ဆောင်တစ်ဆောင် လိုအပ်နေသောကြောင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉၈၅၅၂၇၇၃ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

မော်လမြိုင်ကျွန်းမြို့နယ်အဆင့် အခြေခံပညာကျောင်းများ၏စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ ကျင်းပ

မော်လမြိုင်ကျွန်း၊ ဩဂုတ် ၁၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ် မော်လမြိုင်ကျွန်းမြို့နယ်အဆင့် အခြေခံပညာကျောင်းများ၏ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အ-ထ-က (၁)၊ မဟာဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းက ပြိုင်ပွဲဝင်အမှတ်ပေးစည်းမျဉ်းနှင့် ပြိုင်ပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ရှစ်ဦး၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ၁၀ ဦး၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ခုနစ်ဦးနှင့် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသား ခုနစ်ဦးတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြရာ အကဲဖြတ် ဆရာ၊ ဆရာမများက ပြိုင်ပွဲဝင် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်အဆင့် အခြေခံပညာကျောင်းများရှိ ကျောင်းသူ၊ ကျောင်းသားများအား နှုတ်မှုစွမ်းရည် မြင့်မားတိုးတက်စေရေးအတွက် ရည်ရွယ်ပြီးကျင်းပသော ပြိုင်ပွဲဖြစ်ရာ ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

စိန်ရွှေရတနာဆိုင်
(၁၇)နှစ်ပြည့်အထိမ်းအမှတ်အထူးအစီအစဉ်

ရွှေထည်ပစ္စည်းအသေး(၃)ခု (သို့) အခေါက် လက်စွပ်(၄)ကွင်း } T-Shirt (၁)ထည်(N)
ရွှေထည်(၃)သိန်းနှင့်အထက် (သို့) အခေါက် လက်ကောက်/လက်စွပ်(၃)ကျပ်သား } T-Shirt (C) (၁)ထည် (သို့) ထီး(၁)လက်
ရွှေထည်(၅)သိန်းနှင့်အထက် (သို့) အခေါက် လက်ကောက်/လက်စွပ်(၄)ကျပ်သား } ထီးကြီး (၁)လက်
အထူးအစီအစဉ် ➢ (20-7-2014) မှ (31-8-2014) အထိ
စိန်ထည်ပစ္စည်းဝယ်ယူသူတိုင်းကို ထီး(၁)လက်(သို့)T-Shirt မေတ္တာလက်ဆောင်ပေးပါမည်။
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၂၆၂၁၄၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

အကျိုးဆောင် အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှား စီးပွားရေးကြော်ငြာများနှင့် ကဏ္ဍစုံပါဝင်သော
ဂျာနယ်တစ်အုပ်လုံးကို www.ahkyosaungjournal.com (website) တွင်လည်းကောင်း၊
Google Search Bar တွင်လည်း အကျိုးဆောင်ဂျာနယ်ဟု မြန်မာလိုရိုက်နှိပ်၍
Up to Date ကမ္ဘာတစ်ဝန်းလုံးမှ ဖတ်ရှုနိုင်ပါပြီ

ကုန်ပစ္စည်း သယ်ယူပို့ဆောင် ၊ သိုလှောင်ရေးကဏ္ဍတွင် ပါဝင်နေကြသူတိုင်း တက်ရောက်သင့်သည် . . .
Seminar in Logistics Professional
PASAS (S'pore) မှ Certificate ပေးအပ်ပါမည်။
Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)
သင်တန်းနေရာ ⇨ Zephyr Restaurant စိမ်းလန်းစိုပြည်ဥယျာဉ် အင်းလျားလမ်း ။
ရက်/အချိန် September 20 (Sat) : 9:00 am - 5:00 pm
September 21 (Sun) : 9:00 am - 5:00 pm
More Information : YCTC Business Institute
အမှတ် (၃၂/J –၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ အ.ထ.က (၂)ဗဟန်းအနီး။
Ph : (01) 542033, (09) 420118100 , (09) 250640429

မိုးညှင်းခရိုင်တွင် ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် လိုအပ်

မိုးညှင်း၊ ဩဂုတ် ၁၉

ကချင်ပြည်နယ် မိုးညှင်းခရိုင်မြို့တွင်ရှိသော ခုတင် ၁၀၀ ဆံ့ဆေးရုံအား ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း မိုးညှင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

"အခု ခုတင် ၁၀၀ ဆံ့ဆေးရုံ ရှိတယ်။ ဒါပေမယ့်ခရိုင်မြို့လည်းဖြစ်ပြီး ကချင်ပြည်နယ်မှာ လူဦးရေအများဆုံးမြို့လည်းဖြစ်တယ်။ ဒီတော့ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်အောင် ခုတင်၂၀၀ ဆံ့ ဆေးရုံ အဆင့်တိုးမြှင့်ပေးဖို့လိုမယ်" ဟု ဒေသဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတစ်ခု၌ပြောကြားသွားကြောင်း သိရသည်။

၎င်းအပြင် တိုင်းရင်းဆေးရုံတစ်ရုံနှင့် သားဖွားသင်တန်းကျောင်း၊ သူနာပြုသင်တန်း ကျောင်းများကိုပါ ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ လူဦးရေတစ်သိန်းအထက်ရှိပြီး ကချင်ပြည်နယ်၏ ဝင်ပေါက်တံခါးဝဖြစ်သည့်အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသော၊ ပညာရေးလုပ်ငန်းကို အခြေခံသော ကချင်ပြည်နယ်၏အသန့်ရှင်းဆုံးသော စံပြမြို့နယ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

"ဒီဆေးရုံကို မိုးညှင်းခရိုင်အတွင်းက ပြည်သူတွေအပြင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းက ပြည်သူတွေပါ အားကိုးအားထားပြုနေတဲ့ ဆေးရုံဖြစ်ပါတယ်" ဟု မိုးညှင်းခရိုင်ဆေးရုံအုပ် ဒေါက်တာဝင်းဝင်းဌေးကပြောသည်။

ယခုအခါ မိုးညှင်းမြို့နယ်တွင် ၁၆ ခုတင်ဆံ့ဆေးရုံငါးရုံ၊ ၂၅ ခုတင်အထက် ဆေးရုံတစ်ရုံ၊ ပုဂ္ဂလိကဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဆေးပေးခန်းတစ်ခု၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆေးပေးခန်း တစ်ခု၊ တီဘီရောဂါတိုက်ဖျက်ရေးဆေးပေးခန်းတစ်ခု၊ ပုဂ္ဂလိကဆေးပေးခန်း ၁၁ ခုနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး သားဖွားခန်းတစ်ခုရှိကြောင်း သိရသည်။

ယခု မိုးညှင်းခရိုင် ခုတင် ၁၀၀ ဆံ့ဆေးရုံသည် ခုတင်နှင့် လူနာဦးရေ ညီညွတ်မျှတမှုမရှိသဖြင့် လူနာများနှင့် လူနာဆောင်များအတွက် အခက်အခဲများ ကြုံတွေ့နေရပြီး တိုးတက် လာမည့်လူဦးရေနှင့်အညီ ပြည်သူဗဟိုပြု ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန် လိုအပ်ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ငှက်ခြောက်လေပန်ကာများ ရန်ကုန်မြို့တွင် တပ်ဆင်ပေးစေလို

ရန်ကုန်၊ ဩဂုတ် ၁၉

လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် မန္တလေးမြို့ရှိဓာတ်တိုင်များတွင် ငှက်ခြောက်ပန်ကာများကို သက်ဆိုင်ရာမှတပ်ဆင်ပေးနေသည့် သတင်းနှင့်ဓာတ်ပုံကို ဩဂုတ်လ ၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရပြီးနောက် ရန်ကုန်မြို့ ဓာတ်တိုင်အချို့တွင်လည်း ငှက်(ခို)အများအပြား နေ့စဉ်နားခိုနေသော ဓာတ်ကြိုးများအနီးတွင် ငှက်ခြောက်ပန်ကာများ တပ်ဆင်ပေးစေလိုကြောင်း လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်အတွင်း အနော်ရထာလမ်းမနှင့် လမ်းသစ်လမ်းဆုံအနီး ဓာတ်ကြိုးများပေါ်တွင် ငှက်(ခို) အရေအတွက်အားဖြင့် ရာချီ၍နားနေသည့်မြင်ကွင်းကို မြင်တွေ့နေရကြောင်း ဓာတ်ကြိုးပေါ်နားနေစဉ်တွင် စွန့်ပစ်သောအညစ်အကြေးအချို့သည် လမ်းသွားလမ်းလာများအပေါ် ကျရောက်ခြင်း အုပ်စုလိုက် ထပျံသန်းခြင်းတို့ကြောင့် ဓာတ်ကြိုးများတုန်ခါမှုရှိနေကြောင်း ထို့အပြင်ထပျံသန်းခြင်းကြောင့် လေထဲတွင် အမှုန်အမွှားများပျံ့လွင့်နေသဖြင့် ယင်းနေရာတွင် ဖြတ်သန်းသော လမ်းသွားလမ်းလာများ နှာခေါင်းပိတ်ထားရခြင်း၊ အကာအကွယ် အသုံးပြုခြင်းများရှိနေကြောင်း အနော်ရထာလမ်းနှင့် ၁၃ လမ်းတိုထိပ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

လမ်းသွားလမ်းလာများ၏ ကျန်းမာရေးနှင့် လျှပ်စစ်အန္တရာယ်ထိခိုက်စေသည့် အရေအတွက်အားဖြင့် ရာချီသော ငှက်(ခို) အများစု နေ့စဉ်နားခိုနေသော ဓာတ်ကြိုးများအနီးရှိ ဓာတ်တိုင်များတွင် ငှက်ခြောက်ပန်ကာများ တပ်ဆင်ပေးခြင်းဖြင့် နားခိုသည့်ငှက်အရေအတွက် လျော့ကျနိုင်ကြောင်း ၎င်းတို့က ပြောသည်။

ယခုအခါရန်ကုန်မြို့တွင် လျှပ်စစ်အန္တရာယ်လျော့နည်းရေးအတွက် ဓာတ်ကြိုးများနှင့်မလွတ်ကင်းသော သစ်ကိုင်းသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ဓာတ်ကြိုးများပြုတ်ကျသည့်အခါ မြေပြင်ပေါ်သို့မရောက်ရေး အထိန်းအချုပ်ပိုက်လုံးတန်းများ၊ ပုခက်များတပ်ဆင်ခြင်းတို့ကို သက်ဆိုင်ရာမှ လုပ်ဆောင်ပေးနေသည်ကို မြင်တွေ့နေရရာ ရန်ကုန်မြို့တွင်းရှိ ငှက်အများအပြား နေ့စဉ်နားခိုမှုရှိသော ဓာတ်ကြိုးလိုင်းများအနီးရှိ ဓာတ်တိုင်အချို့တွင် ငှက်ခြောက်ပန်ကာများ တပ်ဆင်ပေးစေလိုကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။ **မောင်စေအောင်**

မြန်အောင်မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ အ.မ.က သဲဖြူကျောင်းတွင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

မြန်အောင်၊ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ အ. မ. က သဲဖြူကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၇ ရက်က သဲဖြူကျောင်းစာသင်ဆောင်တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားခြင်း၊ အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခြင်းနှင့် ကျောင်းအုပ်ဆရာမကြီးက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သူငယ်တန်းမှ စတုတ္ထတန်းအထိ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလေးများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ အင်အား ၁၀၀ ကျော် တက်ရောက်အားပေးခဲ့ကြပါသည်။ **နေဝင်းဇော်(မြန်အောင်)**

မွန်ပြည်နယ် ၁၀ မြို့နယ် ပညာရေးမိသားစု၏ ဓမ္မစကြာနှင့် ပဌာန်းဒေသနာတော်ရွတ်ဆို ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင်၊ ဩဂုတ် ၁၉

ကျောင်းသားကျောင်းသူများ လိမ္မာယဉ်ကျေးပြီး တရားဓမ္မကို တတ်သိနားလည်ကာ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်ရေးနှင့် သားကောင်းသမီးမွန်များဖြစ်လာစေရေးကို ရည်ရွယ်လျက် မွန်ပြည်နယ် ၁၀ မြို့နယ် ပညာရေးမိသားစု၏ ဓမ္မစကြာနှင့် ပဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက မော်လမြိုင်မြို့ ဈေးကြိုဆန်းတန်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထို့နောက် တစ်ဦးချင်း အမွန်းရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ပထမဆုရသော အ. ထ. က (ခွဲ)၄ မှ မသီရိကျော်နှင့် အ. လ. က (ခွဲ) ကျောက်တန်းမှ မထက်ရည်ဝင့်ဝါတို့က အမွန်းရွတ်ဆိုပူဇော်ကြပြီး ထက်လယ်နှင့် မူလွန်ကျောင်းများမှ အသင်းလိုက်နှင့် တစ်ဦးချင်းဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အလှူရှင် ဦးခင်ဝင်း မိသားစုတို့မှ ကျောင်းပေါင်းစုံဝတ်ရွတ်အသင်းများသို့ အလှူငွေ ၄၆၃ သိန်းကို လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လက်ခံရယူသည်။

အဆိုပါမွန်ပြည်နယ် ၁၀ မြို့နယ် ပညာရေးမိသားစု၏ ဓမ္မစကြာနှင့်ပဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကို ဦးခင်သိန်း ဇနီးဒေါ်နှင်းကြည်(သား) ဦးခင်ဝင်းမိသားစုတို့က ငွေကြေးအကုန်အကျခံကာနှစ်စဉ်ကျင်းပ ပေးလျက်ရှိကြောင်းသိရသည်။

ယခု သတ္တမအကြိမ်မြောက်အဖြစ် ဩဂုတ် ၁၀ ရက်မှ၁၆ရက်အထိပြိုင်ပွဲများ ကျင်းပခဲ့ကာ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဝတ်အဖွဲ့ပေါင်း ၄၁ ဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၉၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်နေမင်းအောင်

တိုညီညီဇအောင် ဦးစီးသော "မြန်မာ့အလှ" ... ပွဲ
(၆၂)နှစ်မြောက် အာဘာအောင်ပွဲထွက်ရပ်ပူဇော်ပွဲ၊ ပုပ္ပါး (သီးသန့်)
အာဘာထွက်ပွဲနှင့် ပွဲ(စွယ်တော်လေးဆူ)၊ ညောင်ဦးနှင့် လမ်းဘုရားစုံ
အာဘာထွက်ပွဲနှင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ နှင့် လမ်းဘုရားစုံ
8-9-14 ထွက်မည်
ရတနာပုံလမ်းနှင့် ဗိုလ်သူရလမ်းဒေါင့်၊ ကြည့်မြင်တိုင် 01-537416, 09-49156118
အမှတ်(၂၅၃-၂၅၅)၊ ပန်းဆိုးတန်းလမ်း(အထက်) 09-450000574, 09-421029816

ပျောက်ဆုံးကြောင်း
ကျွန်မ မသေးသေးစံ [၁၂/ သဃက(နိုင်) ၀၇၁၀၁၉]၏ ကုန်သွယ်ရေးပါမစ်(လိုင်စင်) နှင့် MV. Statement တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မသေးသေးစံ
